


# CBCM Herald

စီဘီစီအမ် သတင်းဂျာနယ်

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၀၀၈

(၁)ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ်။

အတွဲ(၁)၊ အမှတ်(၁၃)


## မြန်မာနိုင်ငံကက်သလစ်သာသနာတော်၏ သတင်းဂျာနယ်




**ရဟန္တာ(၇)ပါး တင်မြှောက်ခြင်း. . စာ (၃)**



**ကာဒီနယ်အသစ်(၁၇)ပါးထပ်မံခန့်အပ်ခြင်း...စာ (၅)**



**ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးရန်. ...စာ(၉)**

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။

(မာကု ၁၆:၁၅)




**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွီစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဝီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့ စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရိုစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဇေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့ နေများအဖွဲ့ ။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဒိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

## နိုဝင်ဘာလအတွက် ရဟန်းမင်းကြီး၏ဆုတောင်းရန် ရည်ရွယ်ချက်

**ကမ္ဘာတစ်ဝှမ်းလုံးအတွက်ဆုတောင်းရန်ရည်ရွယ်ချက်မှာ-**
ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များစွာ ဝင်ရောက်ခိုလှုံလျှက်ရှိသောနိုင်ငံကြီးများ၏ အတူအကွပေါင်းစည်းမှုကိုပြသသည့် ခွန်အားစိုက်ပံ့ပိုးကူညီလုပ်ဆောင်မှုများကို ယင်းဒုက္ခသည်များကခံစားကြရစေရန်။

**သာသနာတော်အတွက်ဆုတောင်းပေးရန်ရည်ရွယ်ချက်မှာ-**
သာသနာတိုက်နယ်အသီးသီးတွင်ရှိသော ရဟန်းဘုန်းတော်ကြီးများနှင့် ဘာသာတူများတို့သည် အချင်းချင်းစိတ်ပျက်အားငယ်ခြင်းမဖြစ်စေဘဲ အပြန်အလှန် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းဖြင့် လူသားထုတစ်ရပ်လုံးကို ဆက်ကပ်အစေခံမှုကိုဖြစ်စေရန်

# အစဉ်ထာဝရအသက်ရှင်မည့်အကြောင်း

နိုင်ဝင်ဘာလသည် သေလွန်ပြီးသောသူများအတွက် အထူးသတိရ ဆုတောင်းပေးအပ်သောလအဖြစ် ကက်သလစ်သာသနာတော်က သတ်မှတ်ထားပါသည်။

ကက်သလစ်လစ်သာသနာတော်၏သွန်သင်ချက် စာအုပ် အပိုဒ် (၁၂) တွင် "**အစဉ်ထာဝရ အသက်ရှင်မည့် အကြောင်းကို ကျွန်ုပ်ယုံကြည်ပါ၏**" ညွှန်ကြားထားပါသည်။ ဆက်လက်၍ "မိမိ၏သေခြင်းကို ယေရှုခရစ်တော်သခင်၏သေခြင်း၌ ပေါင်းစည်းထားသော အကြင်ခရစ်ယာန်တစ်ဦးသည် သူ့အရှင်ယေရှုထံသို့ ခြေလှမ်းလှမ်းလိုက်ပြီး အစဉ်ထာဝရ အသက်ရှင်ခြင်းချမ်းသာသို့ ဝင်ရောက်နေသည်ဟု ရှုမြင်နိုင်၏။ အသင်းတော်သည် နောက်ဆုံးအချိန်တွင် ခရစ်တော်သခင်၏ စကားများကိုအသက်ငင်နေသော ခရစ်ယာန်အပေါ်သို့မြွက်ဆို၍ အပြစ်ဖြေလွှတ်သောအခါ နောက်ဆုံးအနေဖြင့် အင်အားပေးသော လိမ်းကျံခြင်းဖြင့် တံဆိပ်ခတ်နိုပ်၏။ သူ့အား ခရစ်တော်သခင်ကိုယ်တော်တိုင်ဖြစ်သော ကိုယ်တော်မြတ်ဘောစဉ်ကို ရိက္ခာအဖြစ်ပေးခြင်းသည် လမ်းခရီးအတွက် အစာအာဟာရဖြစ်၏"ဟု နံပါတ်(၁၀၂၀)တွင် တွေ့ပါသည်။

ကောင်းကင်ဘုံအကြောင်းကို နံပါတ်(၁၀၂၃)တွင် "ဘုရားသခင်၏ကျေးဇူးတော်နှင့်မိတ်သဟာယတို့တွင် သေဆုံးသွားသူတို့သည် ပြီးပြည့်စုံစွာ သန့်စင်ခံရပြီး၊ ခရစ်တော်သခင်နှင့်အတူ အစဉ်အမြဲနေကြ၏။ အကြောင်းမှာ သူတို့သည် "ဘုရားသခင်ကို ပကတိအတိုင်း" " မျက်ဝါးထင်ထင်" တွေ့မြင်ကြရသောကြောင့်ဖြစ်၏" ဟု ဖေါ်ပြသည်။

နောက်ဆုံးသန့်စင်ခြင်း သို့မဟုတ် ငရဲငယ်" အကြောင်းကို နံပါတ်(၁၀၃၀)တွင် "ဘုရားသခင်၏ ကျေးဇူးတော်နှင့် မိတ်သဟာယတွင် သေဆုံးသော်လည်း သန့်စင်မှုလုံလောက်ခြင်းမရှိသေးလျှင် သူတို့၏ထာဝရကယ်တင်ခြင်းမှာ အမှန်တကယ် သေချာသော်ငြားလည်း သေဆုံးသွားကြပြီးနောက် သန့်စင်မှုခံကြရဦးမည်ဖြစ်၏။ သို့မှသာလျှင် ကောင်းကင်နိုင်ငံတော်၏ ပျော်ရွှင်ခြင်းသို့ ဝင်ရောက်နိုင်ကြရန် လိုအပ်သောသန့်ရှင်းစင်ကြယ်ခြင်းကို ရရှိမည်ဖြစ်သောကြောင့်တည်း" ဟု အတိအကျဖေါ်ပြပေးပါသည်။

"ရွေးချယ်ခံကြရသောသူများအတွက် ဤနောက်ဆုံးသန့်စင်ခြင်းအခြေအနေကို အသင်းတော်က ငရဲငယ်ဟုခေါ်၏။ ယင်းအခြေအနေသည် ထာဝရဒဏ်ခတ်ခြင်းခံကြရသောသူများတို့၏ အခြေအနေနှင့် လုံးဝခြားနား၏။ ငရဲငယ်နှင့်ပတ်သက်၍ ယုံကြည်ရာအချက်ကို အသင်းတော်သည် အထူးသဖြင့် ဖလိုရင်း(စ်) နှင့် ထရင်းညီလာခံ အစည်းအဝေးတွင်တင်ပြ၏။ အသင်းတော်၏ရှေးထုံးသက်သေသည် သန့်စင်သောမီးနှင့်ပတ်သက်၍ သမ္မာကျမ်းစာတော်မြတ်အချို့ကို ကိုးကား၍ပြသပြောဆို၏" ဟု နံပါတ်(၁၀၃၁)တွင် ဆိုထားပြန်သည်။

သို့ဖြစ်ပါ၍ ဤလောကတွင်အသက်ရှင်ကျန်နေသေးသောကျွန်ုပ်တို့အားလုံးက သေလွန်ကုန်သော သူများ၏ ဝိညာဉ်များအတွက် အထူးဆုတောင်းပေးကြပါစို့။ (အယ်ဒီတာချုပ်)

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာသတင်းလွှာထုတ်ဝေခြင်း၏ရည်ရွယ်ချက်

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာ ဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင် အထူးသဖြင့် online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

## စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်းစာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက် ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် အဓိကအသက်ဖြစ်ပါသည်။
- စာစောင်ကို မိမိတို့နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံးများနှင့် parishတိုင်းတွင် ပုံမှန်ရရှိနိုင်သကဲ့သို့ CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈)သို့ ဆက်သွယ်ကာ အားပေးမှာယူနိုင်ပါသည်။
- သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း၊ သတင်းများကို cbcmosc@gmail.com သို့ပေးပို့ နိုင်ပါသည်။
- စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ (အယ်ဒီတာချုပ်)

## အမှားပြင်ဆင်ချက်

**မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်တာဝန်ခံဘုန်းတော်ကြီးများနှင့်လူငယ်ခေါင်းဆောင်များတွေ့ဆုံစည်းဝေး** ခေါင်းစဉ်အောက် Page (8), Colum (3)၏ နှစ်ကြောင်းမြောက်မှ ဦးမျိုးဝင်း မိသားစု(ရွှေငါးစားသောက်ဆိုင်) ကို ဦးမြင့်ဝေ ( ရွှေငါးမိသားစု)ဟူ၍လည်းကောင်း၊ Colum(2)တွင် ဘုန်းတော်ကြီးနှင့်လူငယ်များဘောလုံးယှဉ်ပြိုင်ကစားရာတွင် (၅)ဂိုး-ဂိုးမရှိဖြင့်ကို (၅)ဂိုး-(၂)ဂိုးဖြင့်ဟုပြင်ဆင်ဖတ်ရှု ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။(အယ်ဒီတာချုပ်)




# ပုပ်ရဟန်းမင်းကြီးကသူတော်မြတ်(၇)ပါးအားရဟန္တာတင်မြှောက်




အောက်တိုဘာလ (၁၆) ရက် တနင်္ဂနွေနံနက် မစ္ဆားတရားတော်မြတ်၌ ပုပ်ဖရန်းစစ်ကသူတော်မြတ် (၇) ပါးကို ရဟန္တာအဖြစ်တင်မြှောက်ခဲ့သည်။သူတော်မြတ်အဆင့်မှ ရဟန္တာအဆင့်သို့ တင်မြှောက်ခံရသော သူတို့မှာ Salomon Lecllercq ; Jose Sanchez Del Rio; Manual Gonzalez Garcia; Lodovico Pavoni; Alfonso Maria Fusco; Jose Gabriel del Rosario ; Elisabeth of the Holy Trinity Catez တို့ဖြစ်ကြသည်။ ထိုရဟန္တာများမှ Jose' Sanchez del Rio နှင့် Salomone Leclercq တို့မှာ ယုံကြည်ခြင်းအတွက်အသတ်ခံခဲ့ရသော ဓမ္မအာဇာနည်များအဖြစ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၈ ခုနှစ်မက္ကဆီကိုနိုင်ငံ အစိုးရ၏ခရစ်ယာန်တရားနှင့် မူဝါဒပဋိပက္ခပျောက်ရေးအချိန်၊ နိုင်ငံအစိုးရ၏ ညှင်းပန်းနှိပ်စက်မှုများအောက်၌ မိမိ၏ယုံကြည်ခြင်းကို စွန့်ပစ်ရန်နည်းမျိုးစုံဖြင့် တိုက်တွန်းအကြပ်ဖက်ခံရသော်လည်း အသက်(၁၄)နှစ်အရွယ်ရှိ Jose' Sanchez del Rio သည် မိမိ၏ယုံကြည်ခြင်းအတွက် အသေခံခဲ့သည်။ အသတ်ခံရစဉ် အကျဉ်းအိတ်ကပ်မှ မိမိ၏မိခင်အားရေးသားပေးထားသော စာတစ်စောင်ကိုတွေ့ရာ ထိုစာတွင် "အမေ၏သားသည်ယုံကြည်ခြင်းနှင့် ဘုရင်တကာဘုရင်ဘုရားရှင်အား ချစ်ခင်ခြင်း၌ အသေခံခဲ့ရလေသည်။ သို့သော်လည်း ကောင်းကင်နိုင်ငံတွင် သင်တို့အတွက်နေရာ ပြင်ဆင်ပေးပါမည်"ဟုရေးသားထားခဲ့သည်။

နောက်တစ်ပါးဖြစ်သော Salomone Leclercq မှာမူ လာဇလက်ဘုန်းတော်ကြီးဂိုဏ်းမှဖြစ်ပြီး ၁၇၉၂ ခုနှစ် ပြင်သစ်တော်လှန်ရေးကာလ၌ ယုံကြည်ခြင်းအတွက် အသက်စတေး ပေးခဲ့ရသောသူဖြစ်သည်။ အာဂျင်တီးနားနိုင်ငံဖွား ရဟန်းတစ်ပါးဖြစ်သော Cura Brochero သည်ပြီးခဲ့သော ၁၉ ရာစုနှစ်များအတွင်း ခရစ်တော်၏သတင်းကောင်းကို လူတိုင်းအထူးသဖြင့်အလိုအပ်ဆုံးသူများထံသို့ ရောက်ရှိနိုင်ရန်ဝေးလံသောနေရာ ဒေသများအထိ သွားရောက်ကာ သာသနာပြုခဲ့သူဖြစ်သည်။ စပိန်ဆရာတော်တစ်ပါးဖြစ်သော Manuel Gonza'lez Garcia သည်လည်း နာဇရက် ကိုယ်တော်မြတ်သာသနာပြု အသင်းဂိုဏ်း၏ တည်ထောင်သူဖြစ်ပြီး စိန်ဂျွန်၏နောက်လိုက်တပည့်တစ်ဦးလည်းဖြစ်သည်။ ကိုယ်တော်မြတ်ကို အထူးသဒ္ဓါကြည်ညိုသောဆရာတော်အဖြစ်လူသိများကာ "ဗိမ္မာန်တော်၏ဆရာတော်"ဟု အများသိမှတ်ထားသောသူတစ်ဦးလည်းဖြစ်ပြီး ၁၉၄၀ ခုနှစ်တွင် ပျံလွန်သွားခဲ့သောဆရာတော်ကြီးဖြစ်သည် "အပြစ်မဲ့သန္ဓေယူသော မယ်တော်သခင်မ၏သားများ "အသင်းဂိုဏ်းတည်ထောင်သူ Fr. Lodovico Pavoni သည် အီတလီနိုင်ငံ ဘရားဆီယာ၌ စက်မှုတော်လှန်ရေးဖြစ်ပွားနေစဉ် ဒုက္ခရောက်နေသော အလုပ်သမားနှင့် ဆင်းရဲသားများအတွက် ခိုလှုံရာပေးကာ ယုံကြည်ခြင်းနှင့် လူ့ဂုဏ်သိက္ခာဆိုင်ရာသွန်သင်မှုများကိုပေး၍ လူမှုရေးနယ်ပယ်ကိုသာမက ဝိညာဉ်ရေးဘက်ကိုလည်းခွန်အား ဖြည့်တင်းပေးနိုင်ခဲ့သော ဆရာတော်တစ်ပါး ဖြစ်သည်။ အီတလီတောင်ပိုင်း ဆာလာနိုမှ ရဟန်းတစ်ပါးဖြစ်သော Fr. Alfonso Maria Frsco သည်လည်း "ရှင်ယောဟန်ဗတ္တိစတား သီလရှင်ဂိုဏ်း"တည်ထောင်သူတစ်ဦးဖြစ်သည်။ နောက်ဆုံးတစ်ပါးမှာ ကာမလိုက်ရသေ့သီလရှင်ဂိုဏ်းမှ Elizabeth of the Trinity ဖြစ်သည်။ သူမသည်အသက် (၂၆) နှစ်အရွယ် အနာကြီးရောဂါဝေဒနာပြင်းထန်စွာခံစားရသော်လည်းထိုနာကျင်မှုများကိုဘုရားသခင်ပေးသော လက်ဆောင်အဖြစ် ပျော်ရွှင်ကျေနပ်စွာ လက်ခံကာ "ကျွန်မသည် ထွန်းလင်းရန်၊ ချစ်ခင်ရန်နှင့် အသက်ရှင်နေထိုင်ရန်ခေါ်ခြင်းခံရပါသည် " ဟုဆိုကာ အသက်စွန့်သွားခဲ့သူဖြစ်သည်။ အထက်ပါ သူတော်မြတ် (၇) ပါးတို့ကို ပုပ်ဖရန်းစစ်က ထိုကဲ့သို့ ကြီးမား၍မြင့်မြတ်သောလုပ်ဆောင်မှုများကို ဘုရား၏နှလုံးသားနှင့်မဟုတ်လျှင်မည်သူမျှ မလုပ်ဆောင်နိုင်ကြောင်း၊ထိုသူတော်မြတ်တို့သည်ဘုရားသခင်နှင့်အတူ ဘဝခရီးပြုကြလျှက် ထိုကဲ့သို့ သက်သေခံခြင်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားသွားခဲ့သည်။မစ္ဆားတရားတော်မြတ်အတွင်း ရဟန်းမင်းကြီး၏ တရားတော်မြတ်၌လည်း ထိုရဟန္တာများသည် ဆုတောင်းခြင်း၌အလွန်ပြင်းပြ စိတ်အားထက်သန်ကြသူများ၊ အရာရာကိုဆုတောင်းခြင်းဖြင့်ရင်ဆိုင်လက်ခံကြသူများနှင့် မိမိတို့၏အသက်တာထဲ၌ ဝိညာဉ်တော်ဘုရားကိုဦးဆောင်လမ်းညွှန်မှုပေးသူများဖြစ်သည်။ နှစ်ပါးမှာ အီတာလျံလူမျိုးများဖြစ်ကြပြီး နှစ်ပါးမှာ ပြင်သစ်မှဖြစ်သည်။ တစ်ပါးမှာ စပိန်လူမျိုးဖြစ်သည်။ ကျန်တစ်ပါးမှာ မက္ကဆီကန်လူမျိုးဖြစ်သည်။ ထိုအခမ်းအနားကြီးအတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်(၈၀၀၀၀) ခန့်သည် စိန်ပီတာရင်ပြင်၌ စုရုံးနေကြခြင်းဖြစ်သည်။ များစွာသော အာဂျင်တီးနီးယားလူမျိုးတို့သည်လည်း အလံများကို ဝှေ့ယမ်းလျှက် Brochero၏ ရဟန္တာတင်မြှောက်ခံရခြင်းကို တွေ့မြင်ရန် ရောက်ရှိနေကြပါသည်။ ၄င်းတို့အကြားတွင် အာဂျင်တီးနားနိုင်ငံသမ္မတကြီး Mauricio Macri နှင့် သူ၏မိသားစုဝင်များလည်းပါဝင်နေကြောင်း ဗာတီကန်ရေဒီယိုမှသတင်းရရှိသည်။CBCM-OSC

# ရဟန်းမင်းကြီးဆိုင်ရာကရုဏာရုံးတော်က ဟာရီကိန်းဘေးသင့်များကိုထောက်ပံ့

ကရာဘင်ရှိ ဟာရီကိန်းဒုက္ခသည်များအတွက် ပုပ်ရဟန်းမင်းကြီးက အမေရိကန်ဒေါ်လာ (၁)သိန်းကို ပေးပို့ခဲ့သည်။ ယခုလ အစောပိုင်း ကရာဘင်နယ်တွင် ဖြစ်ပွားခဲ့သော ဟာရီကိန်းမုန်တိုင်းသည် လူပေါင်း (၁)ထောင်ကျော်ကို အသက်ချွေယူခဲ့ပြီး လူ့ဘဝနှင့်အဆောက်အဦးများစွာကို ဖျက်ဆီးနိုင်ခဲ့သည်။ ထောင်းပေါင်းများစွာသောလူကို အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့ပါသည်။ အရှင်မြတ်၏ ထောက်ပံ့ငွေသည် ရဟန်းမင်းကြီးနှင့် သက်ဆိုင်သော ကရုဏာရုံးမှတဆင့် ပေးပို့ခဲ့ပြီး အလိုအပ်ဆုံးသောသူများအတွက် ယင်းသာသနာရှိ ရဟန်းမင်းကြီး ကိုယ်စားလှယ်မှ တဆင့် ပေးပို့ဖြန့်ဝေပေးခဲ့သည်။ ရဟန်းမင်းကြီး၏ထိုကဲ့သို့ ထောက်ပံ့ကူညီခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခဆင်းရဲရောက်နေကြရသော ပြည်သူပြည်သားတို့နှင့်တကွ ပုပ်ရဟန်းမင်းကြီးသည် စိတ်နှလုံးထပ်တူထပ်မျှရှိနေကြောင်းနှင့်အလွန်ထိရောက်သော ခွန်အားဖြည့်တင်းပေးခြင်းဖြစ်သည်။ ထိုထောက်ပံ့ခြင်းသည် ဆရာတော်များညီလာခံနှင့် အသင်းတော်၏လူသားရင်းမြစ် မြှင့်တင်ရေးအဖွဲ့ကြီးများ၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။



အသင်းတော်ကြီး၏ကရုဏာအဖွဲ့အစည်းကြီးများနှင့်တကွ အပြည်ပြည်ဆိုင်ရာ ကရုဏာအဖွဲ့အစည်းများသည်လည်း ရေဘေးသင့်နေသော မိသားစုနှစ်ထောင်ခုနှစ်ရာ လူဦးရေအားဖြင့် (၁၃၅၀၀)ခန့်ရှိသော လူအရေအတွက်ကိုကူညီရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ထိုသို့ အရေးပေါ်ကူညီထောက်ပံ့ရာတွင်အဓိကအားဖြင့် စားသောက်ကုန်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးလိုအပ်ချက်များကို အရေအတွက်လုံလောက်စွာ အဓိကထား ဝေပေးသွားမည်ဖြစ်သည်။ လိုအပ်သည့်အကူအညီများကိုပေးခြင်းဖြင့်အသက်သွင်းခြင်းနှင့် ဆွေးနွေးလမ်းညွှန်မှုများကိုလည်းပေးသွားမည်ဖြစ်ပါသည်။ (CBCM-OSC)

## မွတ်ဆလင်လက်မှုပညာသည်တစ်ဦးလုပ်သော လက်ဝါးကားတိုင်သည် အင်ဒိုနီးရှားကမ္ဘာ့လူငယ်များနေ့၏ သင်္ကေတဖြစ်လာခြင်း

အင်ဒိုနီးရှားကမ္ဘာ့လူငယ်များနေ့ကို Manadoတွင် အောင်စွာပြုလုပ်ပြီးစီးသွားပြီဖြစ်ကြောင်းသိရှိရပါသည်။ Fides၏ ပြောကြားချက်အရလက်ဝါးကားတိုင်သည် မွတ်ဆလင်လက်မှုပညာသည်တစ်ဦးမှပြုလုပ်ထားခြင်းဖြစ်ပြီး ကြိမ်ဖြင့် ပြုလုပ်ထားသည်ဟုသိရသည်။လူငယ်များနေ့၏ ဆောင်ပုဒ်မှာ "ကွဲပြားခြင်းမှစည်းလုံးခြင်းနှင့်ဂိုဏ်းပေါင်းစုံပေါင်းစည်းခြင်း" ဖြစ်ပြီး လူငယ်များနေ့၏ခေါင်းစည်းမှာလူသားများသမ္မာကျမ်းစာ၌ပျော်မွေ့ခြင်းဖြစ်သည်။လက်ဝါးကားတိုင်သည် Manado ရှိတိုက်နယ်အသီးသီးသို့ လှည့်လည်ကာ ငြိမ်းချမ်းရေးတည်ဆောက်ရန်လက်ဝါးကားတိုင်၌ရှိသောငြိမ်းချမ်းရေးအသီးအပွင့်များကိုဆွတ်ခူးနိုင်ရန်ဖြစ်သည်။




တိုက်နယ်အသီးသီးသို့လှည့်လည်စဉ်မွတ်ဆလင်များလက်ဝါးကားတိုင်ကိုငြိမ်းချမ်းရေးကားတိုင်ဟုရှုမြင်ကာများစွာအရိုအသေပေးကြသည်ဟုလည်းသိရသည်။ အောက်တိုဘာလ (၄)ရက်နေ့ Manado အားကစားကွင်းတွင် လက်ဝါးကားတိုင်ကို ရိုသေသမှုပေးသည့် အပြင် ရွှင်လန်းအားရသော သီချင်း၊အက၊ဆုတောင်းခြင်းတို့ပြုလုပ်ရာမှာ လူငယ်ပေါင်း ၂၆၀၀ ခန့်ပါဝင်တက်ရောက်ခဲ့ကြသည်ဟုသိရသည်။ ၎င်းလူငယ်များသည် Sulawesi ၏ မြောက်ဘက်ရှိ တိုက်နယ် (၃၇)ခုမှလူငယ်များဖြစ်ကြောင်းသိရသည်။ ပွဲတော်ကြီး၏ အစီအစဉ်အားလုံးကို မီဒီယာသမားများ ဝက်ဆိုက်ဒ်(website)၊ တွစ်တာ (twitter)၊ အင်စတယ်ဂရန် (instagram) နှင့် ဖေ့စ်ဘုတ်(Facebook)မှတစ်ဆင့် လှုပ်ရှားမှုပုံများ၊ စကားစုများ၊ ဓါတ်ပုံ များ၊ vedio ဖိုင်များကို ကျယ်ပြန့်စွာတင်ပြခဲ့သည်ဟုလည်းသိရသည်။ လူငယ်များသည် မိမိနှင့်နီးစပ်သူကိုသော်လည်းကောင်း၊ အဖွဲ့အစည်းကိုသော်လည်းကောင်း၊ လူငယ်သင်တန်းမှရရှိသောအတွေ့အကြုံများကိုပြန်လည်ဝေမျှရန်အဆင်သင့်ရှိကြကြောင်းသိရသည်။ (cbcm-osc)

## ကာဒီနယ်၏ဘားအံသာသနာခရီးစဉ်နှင့်အတူ မွေးနေ့ကျင်းပ



ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုသည် ၁၈၊၁၀၊၂၀၁၆ နေ့တွင်သိမ်ဆိပ်သာသနာ၊ သထုံသာသနာတို့သို့ကြည့်ရှုလေ့လာပြီးညနေ (၄း၃၀) တွင်ဘားအံသာသနာသို့ရောက်ရှိခဲ့သည်။ ၁၉ ရက်နေ့ မနက်(၅)နာရီတွင်မြဝတီသာသနာမှတစ်ဆင့် ထိုင်းနိုင်ငံမဲဆောက်မြို့သို့သွားရောက်ခဲ့ပါသည်။၂၀ရက်နေ့မနက်တွင် ကာဒီနယ်ကြီးက ဘုန်းတော်ကြီးများ၊ စစ္စတာရ်များနှင့်အတူ ဖွဲ့ကပင်တောင်သို့တက်ရောက်ခဲ့ပါသည်။ ထိုသို့ဖွဲ့ကပင်တောင်သို့တက်ရောက်သည်မှာ(၁၀)ကြိမ်မြောက်ဖြစ်ကြောင်း သိရှိရပါသည်။ ဖွဲ့ကပင်တောင်ထိပ်သို့ ရောက်သောအခါ ကာဒီနယ်က ဘားအံသာသနာအတွက် မေတ္တာပို့ ဆုတောင်းပေးခဲ့ပါသည်။ ထို့နောက် ဆန္ဒဂူသို့သွားရောက်ကာလေ့လာခဲ့ကြသည်။ (၂၀)ရက်နေ့ညနေပိုင်းတွင် ကာဒီနယ်နှင့် ဘားအံသာသနာမှ ဆရာတော်၊ ဘုန်းတော်ကြီးများ၊ ဘာသာတူများစုပေါင်း၍ကာဒီနယ်၏(၂၉၊၁၀၊၂၀၁၆) တွင်ကျရောက်သည့် မွေးနေ့အတွက် အကြိုအဖြစ်ကျင်းပပြုလုပ်ခဲ့ပါသည်။ အကြိုမွေးနေ့အဖြစ် အမှာစကားပြောကြားရာတွင် "အရာအားလုံးအတွက် ဘုရားသခင်ကိုသာမက လူအချင်းချင်းကျေးဇူးတင်တတ်သောသားသမီးများဖြစ်ဖို့ ကြိုးစားကြရန်" ပြောကြားခဲ့ပါကြောင်းသိရှိရပါသည်။(Hpaan-Osc)

29th October 2016

# ပျော်ရွှင်ချမ်းမြေ့သော မွေးနေ့ပါ ကာဒီနယ် (CBCM)

## ဟားခါးသာသနာ၊နာရှိန်းစီရင်စု၊သီဆဲင်း ( A)ရာမှမိခင်များဝတ်စောင့်ခြင်းနှင့်သင်တန်း

ဟားခါးသာသနာ၊ နာရှိန်းစီရင်စု၊ သီဆဲင်း(A)ရွာတွင် စီရင်စုလေးခုပေါင်းပြီး (Inter Parish Catholic Women's Association – IPCWA) မိခင်များဝတ်စောင့်ခြင်းနှင့်သင်တန်းကို အောက်တိုဘာ(၁၄-၁၇)အထိကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုသင်တန်း၊ ဝတ်စောင့်ပွဲတွင် ရဟန်းဘုန်းတော်ကြီး ငါးပါး၊ သီလရှင်သုံးပါး၊ ဓမ္မဆရာနှင့် မိခင်များနှစ်ရာတစ်ဆယ့်ခုနစ် (၂၁၇)ဦးပါဝင်တက်ရောက်ခဲ့ကြပါသည်။



သင်တန်းတွင် Fr.Dominic Kung Teal, Fr. Diminic Thawm Hlei Hnin, Fr. Nicholas Khui Shing Tam, Fr. Andrew Le Tling နှင့် Sr. Maria Aye တို့မှ ဆုတောင်းခြင်း၊ ကယ်တင်ခြင်း၊ မိသားစု၊ ကျန်းမာရေးနှင့် ဝိညာဉ်ရေး ဗဟုသုတများကိုပို့ချဝေမျှပေးသွားခဲ့ကြပါသည်။ ထို့အပြင် သင်တန်းအတောအတွင်းတွင်လည်းမိခင်များမှ ကွာယာပြိုင်ပွဲ၊ ကျမ်းစာသရုပ်ပြ (Bible Action ) ပြိုင်ပွဲနှင့် ဘာသာရေးဇာတ်လမ်းတို (Drama) တို့ပြုလုပ်ခဲ့ကြောင်းသိရပါသည်။ **(ဆလိုင်းဖလမ်းလေညှင်း)**

## အခြေခံသမ္မာကျမ်းစာသင်တန်း



အခြေခံသမ္မာကျမ်းစာသင်တန်းအမှတ်စဉ်(၁၀)ကို ဖယ်ခုံသာသနာ စေတမန်ဗဟိုကျောင်းတွင် အောက်တိုဘာလ ( ၁၃ မှ ၁၅) ရက်အထိ ပြုလုပ်ခဲ့သည်။ ကျောင်းသူကျောင်းသား (၂၉)ဦးတက်ရောက်သည်။ ၎င်းသင်တန်းကို သမ္မာကျမ်းစာတာဝန်ခံဖြစ်သော Fr. Roberto, Fr. Pasqule Kyaw Sein, Sr. Hla Yee Win, Sr. Bridget Mu Lic, Sr. Raymonda တို့မှ သမ္မာကျမ်းစာနှင့်စပ်ဆိုင်သော ဘာသာရပ်အသီးသီးကိုပို့ချပေးခဲ့သည်။ သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်မှာ ကလေးများသမ္မာကျမ်းစာကိုမြတ်နိုးစွာဖတ်ရှုတတ်ရန်၊ ထောက်ရှုဝေမျှတတ်လာရန်၊ ဘုရားရှင်ကိုပိုချစ်တတ်ရန်၊ ပိုမိုရှိခိုးတတ်ရန်နှင့်ပိုမိုလိမ္မာယဉ်ကျေးလာနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။
( Sr.Raymonda-ZSLF)





# ပုပ်ဖရန်စစ်အရှင်သူမြတ်မှကာဒီနယ်ကြီးအသစ်(၁၇)ပါးထပ်မံခန့်အပ်မည်



နိုဝင်ဘာလ ၁၉ ရက်နေ့သည် သနားကြင်နာခြင်း ဂျူဘီလီနှစ်၏ပိတ်ပွဲဖြစ်ပြီး၊ ကာဒီနယ်ကြီးအသစ် (၁၇)ပါးကို တင်မြှောက်ခန့်အပ်မည်ဖြစ်သည့်အကြောင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က တနင်္ဂနွေနေ့ အန်ဂျေလူးမေတ္တာရွတ်ဆိုရာတွင် ကြေငြာလိုက်ပြီဖြစ်ပါသည်။

အသစ်ခန့်အပ်မည်ဖြစ်သော ကာဒီနယ်ကြီး (၁၇)ပါးထဲမှ (၁၃)ပါးသည် သက်တော် (၈၀) အောက်ကာဒီနယ်များ ဖြစ်ကြသည့်အတွက် ၎င်းတို့သည် ပုပ်ရဟန်းမင်းကြီးအသစ်ရွေးချယ်ခန့်အပ်သည့် ကွန်းကလေ့ဗ်ခေါ် ခန်းပိတ်အစည်းအဝေးကြီးထဲတွင် မဲပေးပိုင်ခွင့်ရရှိကြမည့် ကာဒီနယ်များဖြစ်ကြပါသည်။

မကြာခင်အသစ်ရွေးချယ်ခန့်အပ်တော့မည့် ကာဒီနယ်ကြီးများထဲတွင် တစ်ပါးအပါအဝင်ဖြစ်သော ဘုန်းတော်ကြီး ဖာသာရ်အားနက်စ် ထရိုရှာနီ စီမိုနီ သည် သက်တော် (၈၈) နှစ်ရှိပြီဖြစ်ကာ အယ်ဘေးနီးယားနိုင်ငံတွင် ကွန်မြူနစ်များ၏ ရက်ရက်စက်စက်ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့ရသူဖြစ်ပြီးပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်က ၎င်းကို ဘုန်းတော်ကြီးမှ ကာဒီနယ်အဆင့်သို့ တိုက်ရိုက်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

အသစ်ရွေးချယ်ခန့်အပ်မည့် ကာဒီနယ် (၁၇) ပါးထဲတွင် အာရှဒေသမှ ကာဒီနယ်သုံးပါး ပါဝင်မည်ဖြစ်ကာ ၎င်းတို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဂိုဏ်းချုပ်ဆရာတော်ကြီး ပက်ထရစ်ဒေရိုဇာရီယို၊ မလေးရှားနိုင်ငံမှ ဂိုဏ်းချုပ်ဆရာတော်ကြီး အန်ထော်နီစောတား ဖနန်းဒက်စ်နှင့် ပါပါနယူးဂေးနီးမှ ဂိုဏ်းချုပ်ဆရာတော်ကြီး ဂျွန်ရီဘတ်သ် တို့ပင်ဖြစ်ပါကြောင်း ဗာတီကန်ရေဒီယိုသတင်းအရ သိရှိရပါသည်။ RVA

# ကာဒီနယ်အသစ်တစ်ပါးအား သာမန်မိသားစုနှင့် သက်ဆိုင်ရာ သာသနာ့ခုံရုံး အဖွဲ့အစည်း၏တာဝန်ခံအဖြစ်ခန့်အပ်



နိုဝင်ဘာလ (၁၉) ရက်နေ့တွင် စိန့်ပီတာ ဘာဆီးလီးကား၌ ကျင်းပမည်ဖြစ်သော ကာဒီနယ်အသစ် (၁၇) ပါး ခန့်အပ်တင်မြှောက်မည့်အထဲတွင် တစ်ပါး အပါအဝင်ဖြစ်ကာ ကာဒီနယ်ဆောင်းဦးထုပ်အနီကို ခံယူမည်ဖြစ်သော ဆရာတော်ကြီး Kevin J. Farrell ကို ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်သည်သာမန်လူဝတ်ကြောင်၊ မိသားစုနှင့် သက်ဆိုင်ရာ သာသနာ့ ခုံရုံးအဖွဲ့ အစည်း၏ တာဝန်ခံအဖြစ် တာဝန်ပေးခန့် အပ်လိုက်ပြီဖြစ်ပါသည်။

အမေရိကတိုက် တက်ဆက်စ် ပြည်နယ်၊ ဒါးလပ်စ်မြို့တော်တွင် ၂၀၀၇ ခုနှစ်မှ စတင်ကာ ဒါးလပ်စ် ဆရာတော်ကြီးအဖြစ် တာဝန်ယူအမှုထမ်းခဲ့သည့် ဆရာတော်ကြီး ကဲလ်ဗင်သည် ပုပ်ရဟန်းမင်းကြီးပေးလာသော အထက်ပါတာဝန်ကို ထမ်းဆောင်ရန်၊ ရောမမြို့တော်တွင် သီတင်းသုံး နေထိုင်ရမည်ဖြစ်သဖြင့် အောက်တိုဘာလ (၆)ရက်နေ့တွင် ဒါးလပ်စ်မှ ထွက်ခွာခဲ့ပြီးဖြစ်ပါသည်။

ပုပ်ရဟန်းမင်းကြီးထံမှ ကာဒီနယ်ခန့်အပ်ခံရသည့်သတင်းကို ၎င်းအနေနှင့် နှိမ့်ချစွာနာခံခဲ့ကြောင်းနှင့် ၎င်းအတွက် ဆုတောင်းပေးကြပါဟုလည်း ကာဒီနယ်အဖြစ် တင်မြှောက်ခံရတော့မည့် ဒါးလပ်စ်ဆရာတော်ကြီးက ၎င်း၏သာသနာမှ ဘာသာဝင်များအား တောင်းဆိုခဲ့ကြောင်း ၎င်း၏နေရာတွင် လက်ရှိအမှုတော် ထမ်းဆောင်လျက်ရှိသော ဆရာတော်ကြီး ဂရက်ကေလီက၊ ဘုရားရှင်၏ ရွေးချယ်မှုအတွက် ကျေးဇူးတင်ကြရမည်ဖြစ်ကာ သတင်းရလျှင်ရခြင်း ၎င်းအနေနှင့် ဝမ်းသာအားရစွာဖြင့် သာသနာကို သတင်းပို့ခဲ့ကြောင်းနှင့် ဆရာတော်ကယ်ဗင် အတွက် ဆုတောင်းပေးကြရန်ကလည်းကောင်း၊ ကိုးနှစ်တာ ဒါးလပ်စ် သာသနာတွင် အမှုတော်ထမ်းဆောင်ခဲ့ခြင်းအတွက်လည်း ဘုရားသခင်အား ကျေးဇူးတင်ကြပါစို့ဟု ဆိုခဲ့ပါကြောင်း ဗာတီကန်ရေဒီယိုမှသိရှိရသည်။

**(RVA)**

## ပုပ်ဖရန်စစ်က ဂျူဘီလီပိတ်ပွဲ၌ သန့်ရှင်းသောတံခါးတော်များအား ပိတ်ကြရန် ကာဒီနယ်များအား တာဝန်ပေးအပ်ခြင်း




သနားကြင်နာခြင်းဂျူဘီလီ နောက်ဆုံးပိတ်ပွဲတွင် ပုပ်ရဟန်းမင်းကြီးနှင့်ဆိုင်သော ဘာဆီးလီးကား ကျောင်းတော်ကြီးသုံးကျောင်းမှ သန့်ရှင်းသောတံခါးတော်များကို ပိတ်ကြရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က ကာဒီနယ်ကြီးများအားတာဝန်ပေးအပ်လိုက်ပါသည်။

**Cardinal Agostino Vallini** သည် စိန့်ဂျွန်းလာထရန် ဘာဆီးလီးကား ကျောင်းတော်ကြီးတွင်လည်းကောင်း၊**Cardinal Santos Abril y Castelló** သည် စိန့်မေရီမေဂျာဘာဆီးလီးကားကျောင်းတော်ကြီးတွင်လည်းကောင်း၊ **Cardinal James Michael Harvey** သည် စိန့်ပေါလ်ဘာဆီးလီးကားကျောင်းတော်ကြီးတွင်လည်းကောင်း အသီးသီးတာဝန်ယူကာ သက်ဆိုင်ရာကျောင်းတော်ကြီးများတွင် နိုဝင်ဘာလ ၁၃ ရက်နေ့၌ မစ္ဆားတရားတော်မြတ်နှင့်အတူ သန့်ရှင်းသောတံခါးတော်များကို ပိတ်ကြမည်ဖြစ်ပါကြောင်း ဗာတီကန်ရေဒီယိုသတင်းအရ သိရှိရပါသည်။ (RVA)

# ဘုန်းတော်ကြီးအဆင့်မှကာဒီနယ်အဆင့်သို့တိုက်ရိုက်ချီးမြှင့်ခြင်း



၂၀၁၄ ခုနှစ် တီရာနာ၊ အန်လ်ဘားနီးယားနိုင်ငံတွင် ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်အလည်အပတ် ကြွသွားစဉ် ကွန်မြူနစ်များ၏ရက်ရက်စက်စက်ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည့် သက်တော်(၈၈)နှစ်ရှိဘုန်းတော်ကြီး အီးနက်စ် ထရိုရှာနီစီမွန်နီ၏ သက်သေခံချက်များကိုကြားရသောအခါ ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းမျက်ရည်များကျကာ အရှင်သူမြတ်က နွေးထွေးစွာပွေ့ဖက် ပေးခဲ့သည်။ ကာဒီနယ်အသစ်(၁၇)ပါးရွေးကောက်တင်မြှောက်သည့်အထဲမှ ဘုန်းတော်ကြီးအဆင့်မှ ကာဒီနယ်အဆင့်သို့ တိုက်ရိုက်ချီးမြှင့်ပေးခဲ့သည့် ဘုန်းတော်ကြီးဖြစ်ပါသည်။၁၉၄၄ခုနှစ်၊ဒီဇင်ဘာလ၊အန်လ်ဘားနီးယားနိုင်ငံတွင်ဘုရားတရားမဲ့ကွန်မြူနစ်များစိုးမိုးသောအချိန်၌ ဘုန်းတော်ကြီးအီးနက်စ် ထရိုရှာနီ စီမွန်နီသည် ရဟန်းဖြစ်သင်ကျောင်းသားတစ်ဦးဖြစ်ခဲ့သည်။ ဘုရားတရားမဲ့သော ကွန်မြူနစ် အုပ်ချုပ်မှုသည် ရဟန်းတော်များ၊ယုံကြည်သူများ ခုနှစ်တိုင်တိုင်ညှင်းပန်းနှိပ်စက်ခြင်းနှင့် အသေသတ်ခြင်းများကိုခံခဲ့ရကာ သေနတ်ဖြင့်ပစ်သတ်ခံရချိန်တွင် ခရစ်တော်သခင်သည် သက်တော်ရာကျော်ရှည်ပါစေဟု ကြွေးကြော်ခဲ့ကြသည်။၁၉၄၄ ခုနှစ်တွင်၏ ဖရန်စစ်ကန်ဂိုဏ်းအကြီးအကဲကို ပစ်သတ်ခံခဲ့ရကာ ပညာကိုလျှို့ဝှက်စွာ သင်ယူခဲ့၍ ရဟန်းသိက္ခာခံယူခဲ့သည်။ လေးနှစ်ကြာသောအခါ ကွန်မြူနစ် ခေါင်းဆောင်များသည် အသက်ရှင်ကျန်သေးသော ရဟန်းများကိုစစ်ဆေးကာ ပုဒ်ရဟန်းမင်းကြီးနှင့် ဗာတီကန်ကိုစွန့်ပယ်ပါကလွှတ်ငြိမ်းချမ်းသာပေးမည်ဟုကမ်းလှမ်းခြင်းကိုငြင်းပယ်ခဲ့သည်။ ဒီဇင်ဘာလ ၁၄ ရက်၊ ၁၉၆၃ ခုနှစ် ခရစ္စမတ်အကြိုပွဲတော် ကျင်းပပြီးချိန်တွင် အာဏာသား လေးယောက်တို့က ဘုန်းတော်ကြီးကိုဖမ်းဆီးကြသည်။ သူ့ကိုသတ်ရန်စီရင်ကာ လက်များကိုချည်နှောင်ခံရ၍ "လိုအပ်လျှင် ခရစ်တော်အတွက်ကျွန်ုပ်တို့အားလုံးအသေခံကြမည်ဟု" လူထုအား တိုက်တွန်းသောကြောင့် ကြိုးပေးသတ်မည်ဟုပြောကြသည်။"ဘုရားရှင်က ကျွန်ုပ်အားအသက်ရှင်ရန် အလိုရှိသောကြောင့် ညှင်းပန်းခြင်းများစွာ ခံစေတယ်။ အာဏာသားများက ကျွန်ုပ်ကို ထောက်လှမ်းရန် (ကျွန်ုပ်၏မိတ်ဆွေ) အကျဉ်းသားတစ်ဦးကို ထည့်ပေးတယ်။သူကိုယ်တိုင် အာဏာသားများကို ဆန့်ကျင်ပြောပြလာတယ်။"ခရစ်တော်က ကျွန်ုပ်တို့ရဲ့ရန်သူများကို ချစ်ရန်သင်ကြားပေးခဲ့တယ်၊ လူအများရဲ့ကောင်းကျိုးအတွက် အမြဲတမ်းရှာဖွေကြရမယ်" ဟုပြောသည်ကို အာဏာပိုင်များထံသို့ သွားပြီးသည့် ရက်အနည်းငယ်အတွင်း၌ သေဒဏ်ချမှတ်ခြင်းမှ ကျွန်ုပ်ကိုလွှတ်ပေးလိုက်ကြသည် ဟု ရှင်းပြခဲ့သည်။

အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၂၈)နှစ်ချမှတ်ခံခဲ့ရသော အချိန်အတွင်း မစ္ဆားတရားပူဇော်ခြင်း၊ အာပါတ်ဖြေနားထောင်ပေးခြင်းနှင့် ကိုယ်တော်မြတ်ဝေမျှပေးခြင်းတို့ကို လျှို့ဝှက်စွာပြုလုပ်ခဲ့သည်။ ကွန်မြူနစ် အုပ်ချုပ်မှုကျရှုံး၍ ဘာသာရေးလွတ်လပ်ခွင့်ရလာသောအခါ ဘုန်းတော်ကြီးသည်လွတ်မြောက်လာခဲ့သည်။ "လူသားများကိုအစေခံဖို့၊ ပြန်လည်ကြေအေးပေးဖို့၊ လူသားများ၏ မုန်းတီးခြင်းများကိုဖယ်ရှားပေးဖို့ ဘုရားရှင်က ကျွန်ုပ်ကိုကူညီပေးခဲ့ပါတယ်။ ရှိသေလေးစားအပ်ပါသော ရဟန်းမင်းကြီးအရှင်သူတော်မြတ် ခရစ်တော်၏သာသနာတော်ကို ဦးဆောင်နေရာတွင်မှန်မြတ်သောအသက်ရှင်ခြင်း၊ ကျန်းမာခြင်းနှင့်ခွန်အားများကို အစဉ်သွန်းလောင်းပါစေလို့ ခရစ်တော်၏မိခင်မယ်တော်မှတဆင့် ကျွန်ုပ်ဆုတောင်းပေးပါတယ်" ဟု လျှောက်ကြားခဲ့သည်။ ချစ်ခြင်းကရုဏာနှင့်ပြည့်နက်နေသော ရဟန်းမင်းကြီးသည် ဘုန်းတော်ကြီး၏ သက်သေခံခြင်းကို ကြားပြီးသောအခါ မျက်ရည်များဖြင့် ရဟန်းတော်ကိုပွေ့ဖက်ကာ အားပေးနှုတ်ဆက်ခဲ့သည်။CBCM-OSC

# ပုပ်ရဟန်းမင်းကြီးနှင့် ဆိုဗေးနီးယားသမ္မတတို့တွေ့ဆုံ

အောက်တိုဘာလ (၁၇) ရက်၊ တနင်္လာနေ့တွင် ပုပ်ရဟန်းမင်းကြီးက ဆိုဗေးနီးယားနိုင်ငံ ပြန်လည်ထူထောင်ရေးသမ္မတ Borut Pahor နှင့် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံခြင်းမှာ အများနှင့်ဆိုင်သောကိစ္စပြဿနာများ၊ ဥရောပလူမျိုးတို့အရေးနှင့် ပတ်သက်၍ခေါင်းဆောင်ကြီးများခံရသောကိစ္စရပ်များကိုဆွေးနွေးရန်ဖြစ်သည်။နွေးထွေးပျူငှာမှုရှိသောတွေ့ဆုံခြင်း၌ပုပ်ရဟန်းမင်းကြီးနှင့် သမ္မတတို့က ဗာတီကန်နှင့် ဆိုဗေးနီးယားတို့၏အပြန်အလှန်ရှိသောဆက်ဆံရေးပိုမိုကောင်းမွန်လာစေရန်၊ (၂၅)နှစ်ပြည့်တော့မည့်နှစ်နိုင်ငံပေါင်းသင်းဆက်ဆံရေးအကြောင်းတို့ကိုပြောကြားသွားခဲ့ကြပါသည်။

ထို့အပြင်အသင်းတော်နှင့် သမ္မတအုပ်ချုပ်သောနိုင်ငံအကြားတည်ရှိသော ကောင်းမွန်သည့်ဆက်ဆံရေး၊ ဆိုဗေးနီးယားလူထုတစ်ခုလုံး၏အကျိုးနှင့် နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်သော ကောင်းမွန်သောဆက်ဆံရေး ရည်ရှည်တည်တံ့ရန်၊ အထူးသဖြင့် နောင်လာနောက်သားများအတွက်ကောင်းမွန်သော အနာဂတ်များကိုချန်ထားပေးနိုင်ရေးတို့ကိုလည်း ပြောဆိုဆွေးနွေးသွားခဲ့သည်။ ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံပြီးနောက် သမ္မတကြီးက ဗာတီကန်နိုင်ငံအတွင်းရေးမှူးဖြစ်သော ကာဒီနယ် Pietro Parolinနှင့် ဂိုဏ်းချုပ်ဆရာတော်ကြီး Paul Ricgard Gallagher တို့ကိုလည်း တွေ့ဆုံခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။




# အစွန်းရောက်မတ်ဆလင်များ၏လက်မှလွတ်မြောက်လာသောဆီးရီးယားဘုန်းတော်ကြီး၏ရင်တွင်းစကား

ကျွန်ုပ်တို့ကမ္ဘာကြီးသည်အကြမ်းဖက်လုပ်ရပ်များကိုတွန်းလှန်ရန် လိုအပ်နေပါသည်ဟုဖာသာရ်Jacques Mourad ကပြောကြားခဲ့ပါသည်။ သူသည်အစွန်းရောက် မွတ်ဆလင်များ၏အဖမ်းမခံရမီအချိန်ထိ၊ Al Quaryatayn နှင့် (၆၅) မိုင်ဝေးသည့်၊ဘုရားဖူးဗဟိုလည်းဖြစ်သော Mar Elian ရသေ့ကျောင်း၏ တာဝန်ခံတစ်ဦးလည်းဖြစ်ခဲ့သည်။ ထိုရသေ့ကျောင်းသည် Homs ၏အရှေ့တောင်ဘက်တွင်တည်ရှိသည်။ သူသည်(၂၀၁၅) မေလတွင်အဖမ်းခံခဲ့ရပါသည်။ သူသည်အစွန်းရောက် မွတ်ဆလင်များ၏ လက်တွင်း၌ (၅) လတာဖမ်းဆီးထားခြင်းခံခဲ့ရပြီးနောက်၊ ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ သူအဖမ်းခံရသောနှစ်ဩဂုတ်လတွင် အစွန်းရောက် မွတ်ဆလင်အဖွဲ့သည် AlQuaryatayn မြို့ကိုဝင်စီးလိုက်ရာရသေ့ကျောင်းများကိုလည်းဖျက်ဆီးပစ်ခဲ့ကြသည်။ သို့သော် (၂၀၁၆) ခုဧပြီလတွင် ဆီးရီးယားအစိုးရတပ်များမှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။ **ကိုပိုက်**

# ကမ္ဘာ့စားနပ်ရိက္ခာနေ့ ပုပ်ရဟန်းမင်းကြီးမိန့် ခွန်း



အောက်တိုဘာလ (၁၆) ရက်နေ့သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပပြုလုပ်ခဲ့သည်။ ထိုနေ့ကို ၁၉၇၉ ခုနှစ်ကပင် စတင်ကျင်းပခဲ့ပြီး ၁၉၄၅ ခုနှစ်က စတင်တည်ထောင်ခဲ့သော အစာရေစာနှင့်စိုက်ပျိုးရေးနေ့အသင်း(FAO)၏နေ့ကို ဂုဏ်ပြုရန် လည်းဖြစ်သည်။ (၁၅၀) ထက်မနည်းသော နိုင်ငံကြီးများက အစာရေစာရှားပါးခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်းတို့၏ ပြဿနာကို သတိပြုဆင်ခြင်နေကြပြီဖြစ်သည်။ ယခင်နှစ်များကပင် ထိုအခြေအနေများကို အောင်မြင်စွာဖြေရှင်းနိုင်ရန် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို မတူညီသောခေါင်းစဉ်းများဖြင့် ကျင်းပဆွေးနွေးခဲ့ကြပါသည်။ ယခုနှစ်၏ဆောင်ပုဒ်မှာမူ "ရာသီဥတု ပြောင်းလဲခြင်း၊ အစာရေစာနှင့် စိုက်ပျိုးမွေးမြူရေးများလည်းပြောင်းလဲခြင်း " ဟူ၍ဖြစ်သည်။ ကမ္ဘာ့စံနှုန်းအနေဖြင့်၂၀၃၀ ခုနှစ်ကိုနောက်ဆုံးထားကာ အစာရေစာငတ်ပြတ်ခြင်းကို အပြတ်အသတ်အနိုင်ယူရန် ရည်ရွယ်ထားသည်။ သို့သော် ရာသီဥတု၏ဖောက်ပြန်ပြောင်းလဲမှုကို ရင်မဆိုင်ဘဲ ထိုပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်မှာ မဖြစ်နိုင်ပေ။ FAO အဖွဲ့အစည်း၏ဥက္ကဋ္ဌအားပေးပို့သောရဟန်းမင်းကြီး၏သတင်းစကား၌"လူတိုင်း၌နောင်လာနောက်သားများအတွက် ကျွန်ုပ်တို့၏ ကမ္ဘာကြီးကိုတာဝန်သိသိ ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိပါသည်"ဟူ၍ပါရှိသည်။ FAO ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သော Alexandre Maybech က ဗာတီကန်ရေဒီယိုမှ Hayley Susino နှင့်တွေ့ဆုံရာတွင် Alexandreကကမ္ဘာ့စားနပ်ရိက္ခာနေ့ကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ရာသီဥတုပြောင်းလဲခြင်း၏ ကရက်ရိုက်ခတ်မှုများနှင့် ပတ်သက်ပြီး ပြောဆိုရာ၌ " ကမ္ဘာစားနပ်ရိက္ခာနေ့ကျင်းပရခြင်းသည် စားသောက်ကုန်ထုတ်လုပ်မှု၏ အရေးကြီးပုံကို မီးမောင်းထိုးပြရန်ဖြစ်ပြီး ကမ္ဘာနှင့်အဝှမ်းအစာရေစာဖူလုံမှုနှင့် အဟာရဖြည့်တင်းခြင်းဆိုင်ရာ အရေးကြီးကိစ္စရပ်များကို သတိမူမိစေရန်တို့ဖြစ်သည်။

"ရာသီဥတုပြောင်းလဲခြင်းသည် အစာရေစာ မလုံလောက်ခြင်းနှင့် ၂၀၃၀ နှစ် စီမံကိန်းအောင်မြင်ရန်အတွက် အဓိကကျဆုံးသော အဟန့်အတားတစ်ခု ဖြစ်လာနိုင်သည်၊ အရေးကြီးဆုံးသော အရာမှာ ဆာလောင်သော သူများတို့နှင့်အတူ ထပ်တူခံစားရန် ဖြစ်သည်။ ကျွန်ုပ်တို့ကမ္ဘာကြီး၌ အစာရေစာရရှိရန်မှာ လုပ်အား၊ ရင်းနှီးမြုပ်နှံမှုနှင့် အမြော်အမြင်၊ အခြေအနေအချိန်အခါနှင့်သင့်လျော်သောစဉ်းစားတွေးခေါ်နိုင်မှုများရှိရန်လိုအပ်ပါသည် "ဟုသူကဆက်လက်ပြောကြားသွားခဲ့သည်။ ယနေ့နှင့် အနာဂတ်အတွက်လူတိုင်းသည်တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ၊ အစိုးရများနှင့် အများပြည်သူတို့သည် မိမိတို့၏ အခန်းကဏ္ဍအလိုက် ကျွန်ုပ်တို့ကမ္ဘာကြီးစားနပ်ရိက္ခာဖူလုံရေးနှင့် အစာခေါင်းပါးခြင်းဘေးမှ လွတ်မြောက်ရန်ကြိုးစား လုပ်ဆောင်ရကြရပါမည်။ ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် လူတိုင်းနှင့် သက်ဆိုင်ပါသည်။ အကြောင်းမှာ လူတိုင်းမှာစားသောက်၍ အသက်ဆက်ကြသူများဖြစ်သောကြောင့်ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး၏ မိန့်ခွန်းကို မှီငြမ်းလျှက် Maybech က "ရာသီဥတုပြောင်းလဲမှုသည် ကျွန်ုပ်တို့လုပ်ဆောင်မှု၏ အကျိုးသက်ရောက်မှုပင်ဖြစ်သည် " ပုပ်ရဟန်းမင်းကြီးက "တစ်ဦးစီ၏ လုပ်ဆောင်မှုသည်အခြားတစ်ဦးအတွက် မည်သို့သက်ရောက်မှုရှိနိုင်ကြောင်း ဆင်ခြင်ကာပိုမိုကောင်းမွန်သော အနာဂတ်အတွက် တွေးခေါ်လုပ်ဆောင်ကြရမည် ဖြစ်သည်။ အတူအကွ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ပတ်သက်၍လည်း Maybech က "ကျွန်ုပ်တို့၏ စားသောက်ကုန် ထုတ်လုပ်ခြင်းနှင့် မွမ်းမံရေးစနစ်တို့တွင် အထူးသင့်လျော်သော အေဂျင်စီတစ်ခုရှိပါသည်။ သဘာဝတရားကြီးက အဆက်မပြတ် ပြောင်းလဲလျှက်ရှိသည့်အားလျော်စွာ ကျွန်ုပ်တို့၏အေဂျင်စီများကလည်း သဘာဝတရားများ၏ပြောင်းလဲမှုများကြောင့် အဓိက ထိခိုက်ခံရသောသူများအတွက် တတ်နိုင်သရွေ့ ကူညီထောက်ပံ့မှုများကို လုပ်ဆောင်ပေးနေဆဲပင်ဖြစ်ပါသည်။"ဟု ပြောဆိုသွားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။

# ကက်သလစ်ရဟန်းဖြစ်လာသော တစ်ချိန်ကလူဆိုးလေးဒွန်းနီ

ဖာသာရ် Donald Calloway သည် စစ်မှုထမ်းမိသားစုမှ မွေးဖွားလာခဲ့သူဖြစ်ပြီး သူ့အားချစ်စနိုးဖြင့်ဒွန်းနီဟုခေါ်လေ့ရှိသည်။ သူသည် အထက်တန်းကျောင်းသားဘဝမှစ၍ မူးယဇ်ဆေးဝါးများကို သုံးစွဲတတ်သူဖြစ်ခဲ့ပါသည်။ မိဘများသည်ကက်သလစ်ဘာသာဝင်ဖြစ်သော်လည်းသူသည် ဘုရားကိုမယုံကြည်ပေ။သူ၏မိဘများသည် ဗာဂျီးနီးယားမှဖြစ်ပြီး၊ သူအသက် (၁၀) နှစ်တွင် တောင်ကယ်လီဖိုးနီးယားသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူသည်အကျဉ်းထောင်များ၊ ပြုပြင်ထိန်းသိမ်းရေးစခန်းများသို့လည်းပို့ဆောင်ခံခဲ့ရခြင်း၊ သေကြောင်းပင်ကြံစည်ရန်အားထုတ်ခဲ့သည်။ မိသားစုသည် အမေရိကားမှဂျပန်သို့ပြောင်းရွှေ့ရန် အကြောင်းဖန်လာပြန်ရာ ဒွန်းနီသည်မသွားလိုသောကြောင့် ဒေါသူပုန်ထခဲ့သော်လည်း နောက်ဆုံးမိသားစုနှင့်အတူဂျပန်သို့ရောက်ရှိလာခဲ့ပါသည်။

ဂျပန်သို့ရောက်သည်နှင့်စရိုက်တူသူငယ်ချင်းများကိုလိုက်ရှာခဲ့ရာ သိပ်မကြာလိုက်ပါ။ ရာကူဇာဟုခေါ်သောဂျပန်မာဖီးယားဂိုဏ်း (ရာဇဝတ်အဖွဲ့) နှင့်ချိပ်ဆက်မိလိုက်ပါတော့သည်။ ဂျပန်မာဖီးယားဂိုဏ်းကသူ့အား ဂျပန်နိုင်ငံ၏အဓိကကျွန်း ဖြစ်သောဟွန်ရှူကျွန်းသို့ မူးယဇ်ဆေးနှင့်ငွေကြေးများထောက်ပံ့ပေးပြီး လောင်းကစားဝိုင်းများထောင်ရန် တာဝန်ပေးအပ်ခံခဲ့ရသည်။ ထိုရာဇဝတ်မှုကြောင့် ဂျပန်အစိုးရနှင့်ဂျပန်ရှိအမေရိကန်များကလည်းသူ့အားအလိုရှိနေခဲ့သည်။ သူသည်နိုင်ငံမှလည်းနှင်ထုတ်ခံခဲ့ရပြီးဖြစ်သည်။သို့သော်တစ်နေ့တစ်ဦးတည်းတိတ်ဆိတ်မှုကြီးစိုးလွှမ်းမိုးနေချိန်၊ အရာရာသည်လည်း မဲမှောင်ကျသွားသကဲ့သို့ခံစားရပြီး၊ ခြောက်ခြားစိတ်၊ မိမိကိုယ်မိမိ လုပ်ကြံလိုသောစိတ်များဖြစ်ပေါ်ခံစားခဲ့ရပါသည်။ မည်သည့်အရာ ပြုရမည်ကိုမသိဘဲကိုင်မိကိုင်ရာကိုင်လိုက်ရာဘေး၌ရှိသောစာအုပ်စင်မှ စာအုပ်တစ်ကိုကိုင်မိသွားပါသည်။ ထိုစာအုပ်မှာအမိမယ်တော်၏ ကိုယ်ယောင် ထင်ပြခြင်းအကြောင်းကို ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်ကို ဦးတည်ချက်မဲ့ ဖတ်နေလိုက်သည်။ စာအုပ်ကိုမဖတ်မိချိန်အထိအမိမယ်တော်အဘယ်သူ ဖြစ်သည်ကိုလည်းမသိ။ ထိုစာအုပ်ကိုဖတ်ရင်း စိတ်ထဲ၌ဖော်မပြတတ်သော ဘာသာရေးခံစားချက်များတဖွားဖွားပေါ်လာရာ မိခင်ဖြစ်သူအားထုတ်ပြောခဲ့ပါသည်။သားဖြစ်သူသည် သိတတ်စအရွယ်မှယနေ့ထိတိုင်အောင် ဘာသာရေးအကြောင်း တစ်ခွန်းမျှ ထုတ်ဖော်မပြောဖူးသောကြောင့် မိခင်ဖြစ်သူမှာအထူးအဆန်းဖြစ်သွားရာနီးစပ်ရာဘုန်းတော်ကြီးများအားဖုန်းဆက်၍တွေ့ဆုံလိုကြောင်း တောင်းခံသော်လည်း အလွန်စောလွန်းသေးသောကြောင့်လက်ခံတွေ့ဆုံရန်ဆိုင်းငံ့ကြသည်။



သို့သော် မိခင်ဖြစ်သူသည် ဖွဲမလျှော့ဘဲ နောက်ဆုံး၌ ရဟန်းတစ်ပါးနှင့်ချိတ်ဆက်မိလေ၏။ ရဟန်းတော်က သားဖြစ်သူကိုခေါ်လာ၍ မစ္ဆားတရားလာရောက်ပူဇော်ကြရန် ဖိတ်လိုက်ပါသည်။မစ္ဆားတရားအပြီးအဆိုပါဘုန်းတော်ကြီးကဒွန်းနီအားယေဇူးသခင်၏ ပုံတော်ကားချပ်တစ်ချပ်ကို လက်ဆောင်ပေးလိုက်ပါသည်။ ထိုပုံတော်တွင် ယေဇူးသခင်သည် ဘုရားအကြောင်း ဘာမျှမသိသောသူအားအမုန့် ကြိတ်ချေပစ်မည်ဟုကြိမ်းသည့်မျက်နှာထားမဟုတ်ဘဲ၊သူ့အား ကောင်းကြီးပေးရန် ဟန်ပြင်နေသည်ဟုခံစားလိုက်ရပါသည်။ ထိုမှုဟန်သည် သူ၏စိတ်ကိုအလွန်တရာ အားတက်စေခဲ့သည်။ ဘုရားမဲ့နေခဲ့သော၊ ဆိုးသွမ်းရက်စက်သောသူ ့အားအမုန်းမပွားဘဲကောင်းကြီးပေးနေခြင်းကိုထောက်၍ကမ္ဘာကြီးအတွက် ဘုရားသခင်၏ မကုန်မခန်းနိုင်သော သနားခြင်းကျေးဇူးတော်ရှိကြောင်းနားလည်လာသည် နောင်တရပြီးနောက်ပိုင်း၌သူသည်အမိမယ်တော်၏ရဟန်းတော်များအသင်းဝင်ရဟန်းတစ်ပါးဖြစ်လာသည်အထိပြောင်းလဲစေခဲ့ပါသည်။ သူသည်လည်းမကြာခဏဖိတ်ကြားခံရပြီး၊သူ၏အကျင့်နှင့်အသက်တာပြောင်းလဲခြင်းအကြောင်းကိုဟောပြောလေ့ရှိသည် ထိုသို့ပြောဆိုမိတိုင်း သူသည်ဘုရားသခင်၏သနားခြင်းကို ပြသနေသူဖြစ်ကြောင်းကို ပြောလေ့ရှိသည်။ သူသည်မကောင်းမှုများစွာကိုလည်းကောင်း၊ လူသားများစွာကိုလည်းကောင်း ထိခိုက်စော်ကားခဲ့သည်။ သို့သော် သူကဲ့သို့သောသူအတွက်လည်း သနားခွင့်လွှတ်ခြင်းရှိပါသေးသည်။ သို့ဆိုလျှင်ကမ္ဘာကြီးအတွက်မှာမူ သမုဒ္ဒရာမျှလောက်သော သနားခြင်းသည် အားလုံးအတွက်ရှိပေမည်။ ယေဇူးသည်အားလုံးကိုချစ်ပါသည်။ သင့်အတွက်လာရောက်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် ရှုံးမိုက်စွာလူသားများကို ချစ်တော်မူသည်။ သင်၏စိတ်နှလုံးသားကို သူလိုချင်သောပုံစံရအောင်ရေးဆွဲလျှက်ရှိသည်။ သင်၏ဘဝတစ်ခုလုံးကိုသူ့အားအပ်နှံလိုက်ပါ။ သူ့အားယုံကြည်လိုက်ပါဟုတိုက်တွန်းပြောကြားခဲ့သည်။ (RVA)

**Stockbridge, Massachusetts, Oct 15, 2016/04:02pm (CNA/EWTN News)**

**Attachments area**

# Jesuits အသင်းဂိုဏ်း၏အကြီးအကဲအသစ်အဖြစ်ခန့်အပ်ခြင်းခံရသော Fr. Arturo Sosa

ရောမမြို့၌ကျင်းပပြုလုပ်ခဲ့သော Jesuits များ၏ (၃၆)ကြိမ်မြောက်အထွေထွေ ညီလာခံကြီးတွင် ညီလာခံတက်ရောက်သူ (၂၁၂) ဦးတို့က ကမ္ဘာတစ်ဝှမ်းတွင်အမှုတော်ထမ်းဆောင်နေကြသော Jesuits (၁၇၀၀၀)ဦးတို့အား ဦးဆောင်သူအဖြစ် Fr. Arturo Sasa ကို ရွေးချယ်ခဲ့ကြသည်။ ၂၀၁၄ခုနှစ်တွင် အနားယူခဲ့သည့် သက်တော် (၈၀)ရှိပြီဖြစ်သော Fr. Adolfo Nocilas ကိုယ်တိုင်(၁၄၊၁၀၊၂၀၁၆)နေ့တွင်ကြေငြာပေးခဲ့သည်။ Jesuits အသင်းဂိုဏ်း၏အကြီးအကဲအသစ်သည် Venezuelanနိုင်ငံ၊ Caracas ၌ ၁၂ ရက်၊ နိဝင်ဘာလ၊ ၁၉၄၈ တွင် မွေးဖွားကာ အသင်းဂိုဏ်းထဲသို့မဝင်ရောက်မီ နိုင်ငံရေးသိပ္ပံမဟာဘွဲ့ရရှိခဲ့၍ ၁၉၇၇ခုနှစ်တွင် ရဟန်းသိက္ခာခံယူခဲ့သည်။Jesuits တို့၏အထွေထွေညီလာခံတွင် ဆွေးနွေးခြင်း၊ အကြံပေးခြင်းများကို အီလက်ထရောနစ်စနစ်ဖြင့် အသုံးပြုခဲ့ကြသော်လည်း အကြီးအကဲရွေးချယ်ခြင်းအတွက် အသင်းဂိုဏ်းကိုတည်ထောင်သူ St Ignatius of Loyola ချမှတ်ခဲ့သော မဲစာရွက်ဖြင့် မဲပေးခြင်းစနစ်ကို သာအသုံးခဲ့ကြသည်။ (CBCM-osc)



# အာရှကက်သလစ်ဆရာတော်ကြီးများ၏ RVA ထုတ်လွှင့်ခြင်းအပြောင်းအလဲ




အာရှဒေသ ကက်သလစ်ဆရာတော်ကြီးများ၏ လူထုဆက်သွယ်ရေးဆိုင်ရာ ဆရာတော်ကြီးများနှင့် RVA တာဝန်ခံများ၏အထွေထွေအစည်းအဝေးကိုဗီယက်နမ်နိုင်ငံ၊ ဟိုချီးမင်းပြည်နယ်၊ ဒါလတ်မြို့တွင် (၃-၇)ရက်၊ အောက်တိုဘာလ ၂၀၁၆ နေ့အထိအောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ထိုအစည်းအဝေးမှ အလွန်ရေးကြီးသော သတင်းတစ်ချို့ကိုဝေမျှလိုပါသည်။ (၁)။ အာရှသမ္မာတရား လေလှိုင်းအသံလွှင့်ခြင်း အစီအစဉ်များကို SW လှိုင်းတို အသံလွှင့်ခြင်းမှသည် Digital Online ဒီဂျစ်တယ် အွန်လိုင်းအသံလွှင့်ခြင်းသို့ ယခုအချိန်မှစတင်ကာ ၂၀၁၉ ခုနှစ် အာရှသမ္မာတရားလေလှိုင်းအသံလွှင့်ခြင်း အစီအစဉ်တည်ထောင်ခြင်းနှစ်(၅၀)ပြည့်ရွှေစင်ဂျူဘီလီကျင်းပချိန်တွင် အပြီးအပိုင်ထုတ်လွှင့်ပါတော့မည်(တစ်နည်းအားဖြင့် SW လှိုင်းတိုအသံလွှင့်ခြင်းကို လုံးဝရပ်နားပါမည်)။ သို့ဖြစ်ပါသဖြင့် သက်ဆိုင်ရာ RVA အစီအစဉ်ဌာနများသည် လိုအပ်သော ပြင်ဆင်ခြင်းများကို အရေးတကြီး ပြင်ဆင်နိုင်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

၂။ အာရှသမ္မာတရား လေလှိုင်းအသံလွှင့်ခြင်းအစီအစဉ်၏ အဓိက တာဝန်များကို ထမ်းဆောင်နေကြသော အထွေထွေမန်နေဂျာ Fr. Carlos S. Lariosa, SVD ကို Fr.Victor Sadaya,CMFကလည်းကောင်း၊ အသံထုတ်လွှင့်ခြင်း အစီအစဉ်တာဝန်ခံမှူး Fr. Gabriel Htun Myint (RVA Program Director)ကို Fr. A. Singarayan က (RVA. Program Director)နှင့် Fr. Mi Shen က (RVA Joint Program Director) အဖြစ် ဇန်နဝါရီလ ၂၀၁၇ ခုနှစ်မှစ၍ အစားထိုး တာဝန်ထမ်းဆောင်ကြမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ၏လူထုဆက်သွယ်ရေးနှင့် အာရှသမ္မာတရားလေလှိုင်းအသံလွှင့်ခြင်းအစီအစဉ် မြန်မာပိုင်း(မြန်မာ၊ ကချင်၊ ကရင်ဘာသာများ) ကောင်းမွန်စွာ ထုတ်လွှင့်နိုင်အောင်အစစအရာရာ လမ်းပြညွှန်ကြားပေးနေသော ဖါသာရ်ဂါဗီအဲလ်ထွန်းမြင့် (RVA. Program Director) အား မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်အနေနှင့် သော်လည်းကောင်း၊ ကက်သလစ်လူထုဆက်သွယ်ရေးရုံး အနေနှင့်သော်လည်းကောင်း အထူးကျေးဇူးတင်ပါကြောင်းနှင့်ကိုယ်တော်၏ရှေ့ဆက်ရမည့် ဘဝအသက်တာတွင် ဘုရားရှင်၏ကောင်းချီးတော်အစဉ်ခံစားရကာ မယ်တော်၏ ကာကွယ်စောင်မတော်မူခြင်း အစဉ်ခံစားရပါစေဟု ဆုမွန်ကောင်းတောင်းပေးနေပါသည်။ **ဖါသာရ်လီအိုမန်(SDB)CBCM-OSC**

# သာသနာလုံးဆိုင်ရာ မိခင်များညီလာခံ

**ပုသိမ်သာသနာ**



၂၀၁၆ ခုနှစ် ဒုတိယအကြိမ်မြောက် ပုသိမ်သာသနာလုံးဆိုင်ရာ မိခင်များညီလာခံကို အောက်တိုဘာလ ၁၉ မှ ၂၃ ရက်ထိ ပုသိမ်မြို့ စိန်ပီတယ်ကယ်သီဒြယ်ကျောင်းဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ဤပွဲတွင် မိခင်များ၏တာဝန်ခံ မွန်ဆီညော် ဝီးဖရက်မြင့်စိုးမှ ဦးဆောင်ပြီး ကျင်းပခဲ့ပါသည်။ ထိုညီလာခံတွင် ပုသိမ်သာသနာမှ ဖုံ ၃ ဖုံရှိရာ (ပုသိမ်ဖုံ၊ မြောင်းမြဖုံ၊ ဟသ်ာတဖုံ) ဖုံ ၃ ဖုံမှ ကိုယ်စားလှယ်တော်မိခင်များ ၂၆၃ ယောက်တက်ရောက်ခဲ့ကြပါသည်။ ၁၉ ရက်နေ့ညနေပိုင်းတွင် မိခင်များရောက်ရှိပြီး ညပိုင်းတွင် ကြိုဆိုနှုတ်ဆက်ပွဲပြုလုပ်လျက် ဆရာတော်ဂျွန်မန်းဆိန်းဟို မှ မိခင်များကို အားပေးစကားပြောကြားခဲ့ပါသည်။

သုံးရက်တာသင်တန်းကို ပြုလုပ်ကျင်းပကြပြီး ၂၂ ရက်နေ့ ညနေပိုင်းတွင် ရောဝတီတိုင်းဝန်ကြီးချုပ် မန်းဂျော်နီ မှ ညီလာခံသို့တက်ရောက်လာကြသော မိခင်များအား "ယုံကြည်ခြင်းဖြင့်ရဲရင့်ကြစို့" ခေါင်းစဉ်ဖြင့် အားပေးစကားပြောကြားခဲ့ပါသည်။ ထို့အပြင် ဝန်ကြီးချုပ်ကတော် အန်တီစောဆမုလည်း မိခင်များအား အားပေးစကားပြောကြားခဲ့ပါသည်။ ညပိုင်းတွင် မိခင်များသည် မိမိတို့ပြင်ဆင်လာကြသော အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြပါသည်။ ဤညီလာခံတွင် ဆရာတော်ဘုရားနှင့်အတူ မိခင်များအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပါသည်။ ၂၃ ရက်နေ့ နံနက် (၇) နာရီတွင် အဖဆရာတော်မှ မစ္ဆားတရားနှင့်အတူ ညီလာခံကို အဆုံးသတ်ခဲ့ပါသည်။ Pathein OSC





# မြန်မာနိုင်ငံ၌ဖြစ်ပွားနေသောပဋိပက္ခများအားလုံးရပ်ဆိုင်းပြီးငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးရန် ကာဒီနယ်ချားလ်စ်ဘိုမှမေတ္တာရပ်ခံခြင်း

လွန်ခဲ့သောလအနည်းကပင် မြန်မာနိုင်ငံသည် တောင်ထိပ်ပေါ်၌ ထွန်းလင်းတောက်ပနေသော မြို့သဖွယ် ရှိနေခဲ့သည်။ ပဋိပက္ခဖြစ်ပွားနေသော အဖွဲ့အစည်းများ၊ နိုင်ငံရေးနယ်ပယ် အသီးသီးမှ နိုင်ငံရေးသမားများ၊ အရပ်ဖက် အဖွဲ့အစည်းများသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံသို့ နှစ်ပေါင်း(၅၀) အတွင်း ပထမဆုံးအကြိမ်အဖြစ် အားလုံးစုံစုံညီညီ တက်ရောက် ခဲ့ကြသည်။ ကာလရှည်ညောင်းစွာ ပြည်တွင်းစစ်မီးမငြိမ်းနိုင်သောဒေသအတွက် ငြိမ်းချမ်းရေးရောင်နီသမ်းလေပြီဟူ၍ မြန်မာပြည်သူပြည်သားများနှင့်အတူ တစ်ကမ္ဘာလုံးက ဝမ်းမြောက်ခဲ့ကြသည်။ မြန်မာပြည် ကက်သလစ်အသင်းတော်သည်လည်း ညီလာခံကိုလှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။

သို့ပင်သော်လည်းမကြာမြင့်မီက ဖြစ်ပွားခဲ့သောပဋိပက္ခအခြေအနေများကပင် လုံညီလာခံမှာ ငြိမ်းချမ်းရေးမျှော်လင့်ချက် ဖြစ်မလာနိုင်မည့်အရေးကိုအထူးစိတ်ပူပန်ခဲ့ရသည်။ (၂၁) ရာစု ပင်လုံညီလာခံကျင်းပပြီးစီး၍မကြာမီအချိန်တွင်းမှာပင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလာခြင်းအတွက် ကျွန်ုပ်တို့သည်လည်းများစွာ စိုးရိမ်ပူပန်လျက်ရှိသည်။ ငြိမ်းချမ်းရေးအတွက်တိုက်ပွဲဆင်နွှဲသည်ဟုဆိုဆို၊ တရားသောစစ်ပွဲဟုဆိုဆို၊ စစ်ပွဲတစ်ခုသည် မည်သည့်အခါမျှ တရားမျှတမည်မဟုတ်ချေ။

သမိုင်းတစ်လျှောက် ပြန်ကြည့်လျှင် ငြိမ်းချမ်းရေးအတွက် စစ်ပွဲဆင်နွှဲရသည်ဟူသော လွှဲမှားသည့် စိတ်ကူးကြောင့် စစ်ပွဲများ ထပ်ခါထပ်ခါ ဖြစ်ပွားခဲ့သည်ကိုသာတွေ့ရပေလိမ့်မည်။ လက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မတက်ရောက်မီ အင်အားချည့်နဲ့သွားစေရန် ရည်ရွယ်ချက်ဖြင့် တပ်မတော်က ထိုးစစ်ဆင်ခြင်းဖြစ်ပါလျှင် သမိုင်းထဲကအဖြေက တခြားဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ စစ်ပွဲကြောင့် ငြိမ်းချမ်းရေးရရှိထုံးစံမရှိပေ။ မြန်မာ စစ်ဗိုလ်ချုပ်များ၏ စိတ်ထဲ၌မည်ကဲ့သို့ စိတ်ကူးကြံစည်နေကြပါသနည်း။ အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ စိတ်ထဲတွင်လည်း မည်ကဲ့သို့ စိတ်ကူးကြံစည်နေပါသနည်း။ တရားသောစစ်ပွဲကို ငါတို့တိုက်နေကြပါသည်ဟု ခံယူနေကြပါသလော။ လူသားချင်းချင်း တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်သတ်ဖြတ်ကြသော စစ်ပွဲတွင် တရားမျှတမှုမရှိနိုင်ချေ။

ယခုတိုက်ပွဲများကြောင့် အကျိုးဆက်အနေဖြင့် အိုးပစ်အိမ်ပစ်ထွက်ပြေးရသော ပြည်သူပြည်သားအရေအတွက် ပိုမိုများပြားလာလေပြီ။ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် စခန်းများ၌လည်း အစားအသောက် မလုံလောက်မှုပြဿနာကြီးထွားလာနေပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ အစာရေစာငတ်ပြတ်မည့်ကပ်ဘေးနှင့် နီးကပ်နေပြီဖြစ်သည်။ ကျောက်စိမ်း၊ ရွှေ နှင့် ကျွန်းသစ်တို့ ပေါများစွာထွက်ရှိသောတိုင်းပြည်၏ ဒုက္ခသည်စခန်းတို့၌ စားရမဲ့သောက်ရမဲ့ဖြစ်နေသော ကလေးသူငယ်များရှိနေလေသည်။ ယင်းသည်မည်သို့မျှလက်ခံနိုင်ဖွယ်မရှိသောအခြေအနေမျိုးဖြစ်နေသည်။ လူသားခြင်းစာနာထောက်ပံ့ပေးသောအဖွဲ့အစည်းများကဒုက္ခသည်စခန်းများသို့ အစားအသောက်ပံ့ပိုးပေးခြင်းကိုလည်းခွင့်ပြုစေလိုသည်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကိုလည်း ငြိမ်းချမ်းရေးလမ်းစဉ်သို့ ပြန်လည်ဦးလှည့်ရန် ကျွန်ုပ်တို့တိုက်တွန်းလိုပါသည်။ အစိုးရ၊ တပ်မတော်၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ လူနည်းစုတိုင်းရင်းသားများထဲမှ နိုင်ငံရေးသမားများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းအားလုံးတို့သည် ငြိမ်းချမ်းရေးအတွက် အတူအကွတွေ့ဆုံဆွေးနွေးနိုင်ကြောင်းကို ပင်လုံညီလာခံ၌ ကမ္ဘာအားကျွန်ုပ်တို့ သက်သေပြခဲ့ပြီးဖြစ်သည်။

ဆယ်စုနှစ်များစွာဒုက္ခဆင်းရဲမျိုးစုံကြုံတွေ့ခဲ့ရသော နိုင်ငံအတွက် လွတ်မြောက်ရေးလမ်းစဉ်မှာ တစ်ခုတည်းသာရှိလေသည်။ ယင်းလမ်းစဉ်မှာ ငြိမ်းချမ်းရေးလမ်းစဉ်ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း(၆၀) လုံးလုံးဖြစ်ပွားလျက် ရှိသောစစ်ပွဲများတွင် မည်သည့်အဖွဲ့အစည်းကမျှ အပြီးသတ်အနိုင်ယူနိုင်ခဲ့ခြင်းမရှိချေ။ လူရာပေါင်းများစွာကို ကျွန်ုပ်တို့သင်္ဂြိုလ်ခဲ့ရပြီး ဒုက္ခသည်ဘဝသို့ ရောက်ရှိသွားသူထောင်နှင့်ချီ၍ ရှိနေလေသည်။ အမုန်းတရားဖြင့် သွေးစွန်းသောဖြစ်ရပ်များရပ်တန့်ချိန်တန်လေပြီ။

အကြမ်းဖက်နည်းဖြင့်ဖြေရှင်းသောကာလမျိုး မရှိသင့်တော့ပေ။ ဒီမိုကရေစီနိုင်ငံကို ကျွန်ုပ်တို့ ထူထောင်ခဲ့ကြပြီးဖြစ်သည်။ အဘယ်ကြောင့် စစ်ပွဲများဆင်နွှဲဦးမည်နည်း။ မြန်မာနိုင်ငံသည် ဘာသာသာသနာထွန်းကားရာသန့်ရှင်းမြင့်မြတ်သောနိုင်ငံဖြစ်ပြီး ဘာသာတရားများသည် နိုင်ငံသူနိုင်ငံသားတို့အတွက်အလင်းပေးလမ်းပြသဖွယ်ဖြစ်လေသည်။ ဤတိုင်းပြည်ကိုဘာသာတရား အဆုံးအမအောက်၌ တည်ထောင်ထားခြင်းဖြစ်သည်။ မြန်မာလူမျိုးတို့သည် ဘုရားတရားကိုင်းရှိုင်းပြီး မိမိတို့၏ ဘာသာရေးခေါင်းဆောင်များ ချမှတ်သောလမ်းစဉ်များအတိုင်း လျှောက်လှမ်းကြသူများဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးရေရှည်တည်တံ့ရေးအတွက် ဘာသာရေး



ခေါင်းဆောင်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များထဲတွင်ထည့်သွင်းစဉ်းစားရမည်။

ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံခြားအဖွဲ့အစည်းများကိုလည်းငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်ပါဝင်စေရန် ကျွန်ုပ်တို့လွန်စွာပင်လိုလားတောင့်တကြသည်။ ငြိမ်းချမ်းရေးအတွက် ပါဝင်လုပ်ဆောင်မည့်သူများတွင် ဘာသာရေးခေါင်းဆောင်များကိုလည်း ထည့်သွင်းဖို့အရေးကြီးပါသည်။

ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ရန် လိုအပ်ပါက ဤဘာသာရေးခေါင်းဆောင်များသည် ၎င်းတို့နှင့် နီးစပ်သောအောက်ခြေလူမှု အသိုင်းအဝိုင်း အဆင့်အထိ ဟောပြောစည်းရုံးနိုင်ရန်ဖြစ်သည်။

တိုင်းသူပြည်သား အများစုမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ အပူဇော်ခံထိုက်သော ဆရာတော်များနှင့် ဘာသာရေးခေါင်းဆောင်များသည် လူတို့အားမေတ္တာ၊ ကရုဏာ စိတ်ထားရှိရန်ကိုယ်တိုင်ကျင့်ကြံ လမ်းပြခဲ့ကြသည်။ သံဃာတော်တို့သည်အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ကက်သလစ်အသင်းတော်ဘက်တွင်လည်း မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်(CBCM) မှဆရာတော်ကြီးများသည် သာသနာ(၁၆) ခုအတွင်းရှိ ကက်သလစ်ဘာသာဝင်များအားသိုးထိန်းသဖွယ် ကြည့်ရှုစောင့်ရှောက်ရင်း ငြိမ်းချမ်းရေးလုပ်ငန်းများ၌ ပူပေါင်းဆောင်ရွက်လျက် ရှိကြပါသည်။ ပရိုတက်စတင့်အသင်းတော်များသည်လည်း မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ (MCC) ဟူသော အဖွဲ့အစည်းအမည်ဖြင့်လည်းကောင်း၊ မွတ်ဆလင်၊ဟိန္ဒူနှင့်အခြားသော ဘာသာတရားများသည်လည်း မိမိတို့၏ ဘာသာဝင်များအပေါ်သြဇာညောင်းကြသည်သာဖြစ်သည်။မြန်မာနိုင်ငံတွင်ငြိမ်းချမ်းရေးကိုတည်မြဲစေလိုပါက ဘာသာရေးခေါင်းဆောင်များကို ထည့်သွင်းစဉ်းစားရပေမည်။ငြိမ်းချမ်းရေးအတွက်လုပ်ဆောင်ရန် အစိုးရအနေဖြင့် ဘာသာတရားအသီးသီးမှ ခေါင်းဆောင်များကိုတရားဝင်ခန့်အပ်သင့်ပါသည်။ သန့်ရှင်းဖြူစင်သော သံဃာတော်များသည် ကျွန်ုပ်တို့စစ်ဗိုလ်ချုပ်များအတွက်ဆုတောင်းပြီး လမ်းညွှန်မှုပေးသင့်သည်။ ကက်သလစ်ဆရာတော်များနှင့် ခရစ်ယာန် သင်းအုပ်ဆရာများသည် KIA လက်နက်ကိုင်အဖွဲ့အစည်းကို စည်းရုံးသင့်ပါသည်။ မွတ်ဆလင်နှင့် ဟိန္ဒူတို့တွင်လည်း မိမိနှင့် နီးစပ်ရာအဖွဲ့အစည်းများကို ထိုနည်းတူ ပြုလုပ်နိုင်ကြပါစေ။

ပဋိပက္ခများအတွက် ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေး အဖြေရှာသောနည်းကို ကက်သလစ်အသင်းတော်သည် အစဉ်အဆက်အားပေး ထောက်ခံခဲ့သည်။ လူသားတို့၏ ပြဿနာများအတွက် ဖြေရှင်းရာတွင် အကြမ်းဖက်သောနည်းသုံးခြင်းအပေါ် လုံးဝအယုံအကြည်မရှိပေ။ မကြာမီကကျင်းပပြီးစီးခဲ့သောကုလသမဂ္ဂအထွေထွေညီလာခံ၌ ဗာတီကန်၏ကိုယ်စားလှယ်ကာဒီနယ်ပယ်ရိုလင်းက စစ်ပွဲ၏ဆိုးကျိုးကားကြီးမားပြီး များသောအားဖြင့် ထွက်ပေါက်မရှိဘဲ ဖြစ်တတ်ကြောင်း သတိပေးစကားမိန့်ကြားခဲ့သည်။ မကြာသေးမီရက်ပိုင်းကလည်း ပုပ်ရဟန်းမင်းကြီးဖရန်းစစ်အရှင်သူမြတ်သည် ကမ္ဘာတစ်ဝန်းမှ ဘာသာရေးခေါင်းဆောင်များနှင့်အတူ အီတလီနိုင်ငံ၊ အစီစီမြို့တွင် စုရုံးလျက် ဆုတောင်းကြရာတွင် တွေ့ဆုံဆွေးနွေးခြင်းသည်ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းလုပ်ဆောင်သူတိုင်းအထူးတလည် ပြုလုပ်ရမည့်နည်းလမ်းဖြစ်ကြောင်း အလေးပေးမိန့်ကြားခဲ့သည်။ အထက်ပါတင်ပြချက်များအားလုံးကို ခြုံငုံသုံးသပ်ပါက သက်ဆိုင်ရာတာဝန်ရှိသူအားလုံးအနေဖြင့် စစ်ပွဲများကိုချက်ချင်းရပ်တန့်သင့်သည်။

**ချစ်လှစွာသောမြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့**

ငြိမ်းချမ်းရေးကို တရားမျှတမှုနှင့်ယှဉ်တွဲအဖြေရှာလျှင် အောင်မြင်မည်သာဖြစ်သည်။ သေနတ်သံများအားလုံး တိတ်ဆိတ်ကြပါစေ။ ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီကိုလိုလားသဖြင့် ယမန်နှစ်က ကျွန်ုပ်တို့တစ်ခဲနက် ဆန္ဒမဲထည့်ခဲ့ကြသည်။ ယခုအခါတိုင်းပြည်တွင် ပြဿနာကို စစ်ရေးနည်းဖြင့်သာအဖြေရှာနေခြင်းမှာ လက်ခံနိုင်ဖွယ်မရှိပေ။ ဒီမိုကရေစီ နိုင်ငံတော်တွင် လက်နက်ကိုင်ပြဿနာများဖြင့် ရှုပ်ထွေးသော ခေတ်ကာလမျိုးမရှိသင့်တော့ပေ။ ပြန်လည်၍တွေ့ဆုံဆွေးနွေးရင်း ညှိနှိုင်းအဖြေရှာကြပါ။ ပင်လုံညီလာခံဖြင့် ကျွန်ုပ်တို့စတင်ခဲ့သောငြိမ်းချမ်းရေးလမ်းစဉ်ကိုဆက်လက်လျှောက်လှမ်းနိုင်ကြပါစေ။

**ခရစ်တော်၏မေတ္တာတော်၌**

ကာဒီနယ်ချားလ်စ်မောင်ဘို ၊ DD, SDB

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်





# ကချင်ကက်သလစ်ဆရာတော်သုံးပါး၏အရေးပေါ် မေတ္တာရပ်ခံလွှာ

မကြာသေးမီက ဖြစ်ပွားခဲ့သော ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ၏ ဝမ်းနည်းဖွယ် ကံကြမ္မာ အလှည့်အပြောင်းကြောင့်ကချင်ကက်သလစ်သာသနာ သုံးခုမှ ဆရာတော်သုံးပါးသည် ကြီးစွာစိတ်မကောင်းဖြစ်ရပြီး သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးအနေဖြင့် ငြိမ်းချမ်းစွာညှိနှိုင်းအဖြေရှာကြရန် တိုက်တွန်းနှိုးဆော်လိုပါသည်။ ကျွန်ုပ်တို့သည် ဘာသာရေးဆောင်များဖြစ်ကြသည့်အလျောက် လူသားတို့အတိဒုက္ခရောက်ရခြင်းအတွက် စိတ်မသာမယာဖြစ်ရသည်ကတစ်ကြောင်း၊ အဖြစ်အပျက်များမှာ လူ့ဂုဏ်သိက္ခာစံနှုန်းအရ လွဲချော်နေသည်ကတစ်ကြောင်းတို့ကြောင့် ကချင်လူမျိုးများနှင့်ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် များအားလုံး၏ကိုယ်စား ဤသဘောထားကြေငြာချက်ကိုထုတ်ပြန်လိုက်ပါသည်။

ပဋိပက္ခ အခြေအနေများကြောင့် အပြစ်မဲ့ပြည်သူ (၁၂၀၀၀၀)နီးပါးမှာ မိမိတို့၏အိုးအိမ်များကိုစွန့်ခွါထွက်ပြေးပြီး ဒုက္ခသည်စခန်းများသို့ သွားရောက်ခိုလှုံနေကြရပါသည်။ နယ်မြေမအေးချမ်းမှုများ ပြန်လည်ဖြစ်ပေါ်ပြီးနောက်ပိုင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက လူသားချင်းကူညီပံ့ပိုးရေးစည်းမျဉ်းများကို လိုက်နာကြသည့်အတွက် ၂၀၁၁ခုနှစ်မှစတင်၍ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်စခန်းများသို့ အကူအညီများရောက်ရှိလာခဲ့ကြသည်။ ကက်သလစ်အသင်းတော်သည် အတိဒုက္ခရောက်နေသူများအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိပါသည်။ အသင်းတော်သည်မိမိ၏ လူမှုရေးဆိုင်ရာလက်ရုံးတည်းဟူသော ကရုဏာလူမှုညီညွတ်ရေးအသင်း (KMSS) အားဖြင့် ဒုက္ခသည်စခန်းများသို့ လူသားတို့၏ အခြေခံလိုအပ်ချက်များကို ပံ့ပိုးကူညီလျက်ရှိပါသည်။ ကျွန်ုပ်တို့ အဓိကလုပ်ဆောင်သောအရာမှာ ဒုက္ခသည်စခန်းများရှိထောင်ပေါင်းများစွာသောစစ်ပြေးဒုက္ခသည်စခန်းများရှိ ထောင်ပေါင်းများစွာသောစစ်ပြေးဒုက္ခသည်များကို ကျွေးမွေးရေးပင်ဖြစ်သည်။

ဝမ်းနည်းဖွယ် ကောင်းသည်မှာ လက်နက်ကိုင်ပဋိပက္ခများပြန်လည်ဖြစ်ပွားလာခြင်းအတွက် ကျွန်ုပ်တို့ဆရာတော်များ လွန်စွာမှပင် အံ့သြဝမ်းနည်းကြရပါသည်။ ကက်သလစ်အသင်းတော်သည် စစ်ရေးနည်းလမ်းများဖြင့်အဖြေရှာခြင်းကို လုံးဝအယုံအကြည်မရှိပါ။ လွန်ခဲ့သောနှစ်ပေါင်း (၅၀)လုံးလုံး ဤတိုင်းပြည်တွင်စစ်မက်ဖြစ်ပွားနေပြီးပြဿနာတစ်ခုမျှ ပြေလည်သွားခြင်းမရှိခဲ့ပေ။ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသည်နှင့် ဦးစွာဒုက္ခရောက်ရသူတို့မှာ အပြစ်မဲ့ပြည်သူများသာဖြစ်သည်။ အထူးသဖြင့် ဒုက္ခသည်စခန်းများသို့ ထွက်ပြေးခိုလှုံကြရသော အကာအကွယ်မဲ့ပြည်သူတို့မှာယင်းဒုက္ခကို အလူးအလဲခံစားကြရသူများဖြစ်သည်။

ထွက်ပြေး ခိုလှုံသူများလာသည့် အလျောက် ဒုက္ခသည်စခန်းများ၌လည်း စားနပ်ရိက္ခာအလုံအလောက် မရှိကြသဖြင့် ကန့်သတ်ချက်များ ထားလာခဲ့ကြသည်။ (KMSS)အနေဖြင့်လည်း ဒုက္ခသည်စခန်းများသို့ အစားအသောက် ဝေငှရာတွင် အခက်အခဲကြုံလာရပါသည်။ အကျိုးဆက်အနေဖြင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ အထူးသဖြင့် ကလေးသူငယ်များနှင့် အမျိုးသမီးများ အတိဒုက္ခ ရောက်ကြရသည်။စားနပ်ရိက္ခာအခြေအနေဆိုးရွားလာသည်နှင့်အမျှ အစာရေစာငတ်မွတ်ခြင်းနှင့် အာဟာရချို့တဲ့ခြင်းကပ်များ ဆိုက်ရောက်လာနိုင်ပါသည်။ အဆိုးဆုံးမှာ စိတ်ပျက်အားလျော့စိတ်ဖြင့် တိုင်းတစ်ပါးသို့ ထွက်သွားခြင်း၊ လူကုန်ကူးခံရခြင်း စသည်တို့ ဖြစ်ပွားလာနိုင်ပါသည်။

ယင်းအတွက်ကြောင့် တာဝန်ရှိသူများအနေဖြင့် အစားအသောက်ပြန်လည်မြှင့်တင်ပေးရန် ကျွန်ုပ်တို့ မေတ္တာရပ်ခံလိုပါသည်။ လူသားတို့ခံစားရသော ဒုက္ခဝေဒနာများလျော့ပါးစေရန်အတွက်အသင်းတော်သည် အဖွဲ့အစည်းအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အမြဲအသင့်ရှိနေပါသည်။ ကြင်နာသနားစိတ်၊ ကရုဏာစိတ်သည်မြင့်မြတ်သော ဤတိုင်းပြည်၌အလေးအမြတ်ပြုသော စိတ်ထားများဖြစ်ကြပါသည်။ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ၏ အခက်ခဲဆုံးအချိန်၌ ကြင်နာစိတ်ဖြင့် ကျွန်ုပ်တို့ပါဝင်ကူညီကြပါစို့။

အုပ်ချုပ်သူအစိုးရအနေဖြင့်လည်း ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ၊ အထူးသဖြင့်ကလေးသူငယ်များနှင့် အမျိုးသမီးများအားလုံးအကြား ငြိမ်းချမ်းရေးနှင့်အချင်းချင်းပြန်လည် သင့်မြတ်ရေးအတွက် လုပ်ဆောင်နေသော အစိုးရ၏ကြိုးပမ်းချက်များကို ကျွန်ုပ်တို့ အသိအမှတ်ပြုချီးမွမ်းလိုပါသည်။ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ၏ ပန်းတိုင်မှာ မိမိတို့နေရပ်ပြန်ရေးပင်ဖြစ်ပါသည်။ ထိုကာလမရောက်မီ အချိန်အတွင်း အဖွဲ့အစည်းအားလုံးအနေဖြင့်၎င်းတို့၏ အခြေခံအခွင့်အရေးများကို ကာကွယ်ရန်နှင့် မြှင့်တင်ပေးရန် ကျွန်ုပ်တို့ အထူးတလည်တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

၁။ဆရာတော်ဖရန်စစ်ဒေါ့တန်(မြစ်ကြီးနားသာသနာ)
၂။ဆရာတော်ရေမွန်ဆွမ်လွတ်ဂမ်(ဗန်းမော်သာသနာ)
၃။ဆရာတော်ဖိလစ်လာဆက်ဇဟောင်း(လားရှိုးသာသနာ)

# Ongoing Formation Program for Clergy



မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များကော်မရှင် (Episcopal Commission for Clergy) မှ နှစ်စဉ်နှစ်တိုင်း တာဝန်ယူပြုလုပ်လျှက်ရှိသောOngoing Formation Program for Clergy ကို ပုသိမ်ဂိုဏ်းအုပ်သာသနာ၊ ချောင်းသာကမ်းခြေအနီးတွင်ရှိသော ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ ဖွင့်လှစ်ထားသည့် Retreat Center တွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်မှ (၁၆) ရက်နေ့အထိ အောင်မြင်စွာပြုလုပ်ကျင်းပခဲ့ကြပါသည်။

ဤအစီအစဉ်ကို ရဟန်းတော်များကော်မရှင်၏ဦးဆောင်နာယကဆရာတော်ကြီးဖြစ်သည့် Bishop Stephen Tjephe ကိုယ်တိုင် စ၊လယ်၊ဆုံး ပါဝင်ခဲ့ပြီး MIFF (Myanmar Institute Formation for Formators) အဖွဲ့ဝင်များဖြစ်သော Fr. Simon Tin Mg, Fr. Cyprian Awng Win, Fr. Louis Gabriel (MF), Fr. Hyginus Myint Soe, Fr. Henery Eikalein တို့မှ ဟောပြောဝေမျှခြင်းများကို ပြုလုပ်ပေးခဲ့ကြပါသည်။

ထို့အတူ Ongoing Formation Program အတွင်း ဝိညာဉ်ရေးလမ်းညွှန်ပေးခြင်း၊ ဆွေးနွေးပေးခြင်း ဖြစ်သည့် (Spiritual Accompaniment) ကိုလည်း Fr. Vinny Joseph (S.J) နှင့် Fr. Victor Mg Thit တို့က အချိန်ပေးပြီး နားထောင်ခြင်း၊ အားပေးခြင်းနှင့် လမ်းညွှန်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။

ထို့အပြင် ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင်ဆရာတော်ကြီးဖြစ်သော Bishop John Hsane Hgyi မှလည်း Journey To Freedom ဟူသောခေါင်းစဉ်ဖြင့် ဘုန်းတော်ကြီးများကို လာရောက်အားပေးခဲ့ပါသည်။ သနားကြင်နာခြင်း မဟာဂျူဘီလီ အထိမ်းအမှတ်အဖြစ် ရဟန်းမင်းကြီးမှ စေလွှတ်ထားခြင်းကို ခံယူထားသည့်သနားခြင်း၏တမန်တော် (Apostles of Mercy) များဖြစ်သည့် Fr. Hyginus Myint Soe နှင့် Fr. Simon Tin Mg တို့ကကိုယ်တော်မြတ်ဖူးမြော်ရင်း အာပါတ်ဖြေခြင်းများကို ဦးဆောင်ပေးခဲ့ပါသည်။

ယခုနှစ်ပြုလုပ်သည့် ဤအစီအစဉ် (Ongoing Formation Program) သည် ၂၀၀၉ ခုနှစ်တွင် ရဟန်းသိက္ခာခံယူခဲ့သည့် ဘုန်းတော်ကြီးများတွက်အထူးရည်ရွယ်ခြင်းဖြစ်ပြီး ရန်ကုန်၊ ပုသိမ်၊ ဘားအံ၊ ပြည်၊ တောင်ကြီး၊ ဖယ်ခုံ၊ လွိုင်ကော်၊ တောင်ငူ၊ မန္တလေး၊ လားရှိုး၊ ဟားခါး၊ ကလေးနှင့် ဗန်းမော်သာသနာများမှ ဘုန်းတော်ကြီး (၁၉) ပါးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ဤအစီအစဉ် (Ongoing Formation Program) ဖြစ်မြောက်ဖို့အတွက် မြန်မာပြည်ကက်သလစ် သာသနာအသီးသီးမှ နှစ်စဉ်နှစ်တိုင်း စိန့်ဂျွန်းမေရီဗီယားနီပွဲနေ့တွင် ဘာသာသူများမှ ထည့်ဝင်လှူဒါန်းသည့် အလှူငွေများဖြင့်သာ စီမံခန့်ခွဲအသုံးပြုခြင်းဖြစ်ကြောင်း ECC (Episcopal Commission for Clergy) ၏ အတွင်းရေးမှူးဖြစ်သည့်Fr. Louis Gabriel (MF) က ရှင်းလင်း ပြောကြားပေးခဲ့သလို ဘာသာသူများအတွက် ဆုတောင်းပေးဖို့ရန်နှင့် ဆက်လက်ပြီး ဤသို့သောအစီအစဉ်များကို ပုံမှန်ပြုလုပ်သွားနိုင်ရန်အတွက် ဘာသာသူများမှလည်း စိတ်အားထက်သန်စွာပါဝင်ကြဖို့ရန် ဖိတ်ခေါ်ခဲ့ပါသည်။ သာသနာ့လုပ်ငန်းခွင်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသောဘုန်းတော်ကြီးများသည် ယခုကဲ့သို့ Ongoing Formation Program တွင်ပြန်လည်ပါဝင်ကြရင်းဖြင့် မိမိတို့၏ ခေါ်တော်မူခြင်းအသက်တာကို ပြန်လည်ဆန်းစစ်ခွန်အားယူခြင်း၊ ဝိညာဉ်နှင့်စိတ်ပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း၊ ဘဝတူ ဘုန်းတော်ကြီးများအချင်းချင်း၏သာသနာ့အတွေ့အကြုံဝေမျှခြင်းတို့ကိုပြုလုပ်ပြီး ရှေ့ဆက်သာသနာ့လုပ်ငန်းအတွက် ခွန်အားယူခြင်းများ(Making Resolutions) ကို ပြုလုပ်ခဲ့ကြပါသည်။ ဝိညာဉ်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ဆန်းစစ်ခြင်း၊ ခွန်အားယူဆုတောင်းခြင်းတို့ကို ပြုလုပ်ကြသည့်နည်းတူ ကျောင်းနေဖက် ဘုန်းတော်ကြီးများအချင်းချင်းမှ ယခုလို ပြန်လည်ဆုံတွေ့ခိုက် ရင်းနှီးစွာဆွေးနွေးခြင်း၊ အတွေ့အကြုံများဝေမျှခြင်း၊ အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းတို့ကိုပြုလုပ်ပြီး ခွန်အားယူခဲ့ကြပါသည်။ အစီအစဉ်နောက်ဆုံးနေ့တွင် ပါဝင်တက်ရောက် လာကြသည့် ဘုန်းတော်ကြီးများကို ECC (Episcopal Commission for Clergy) မှ တာဝန်ခံဆရာတော်ကြီးဖြစ်သော Bishop Stephen Tie Phe မှ သင်တန်းဆင်း လက်မှတ်ကို ပေးအပ်ကာ အောင်မြင်စွာ အဆုံးသတ်ခဲ့ကြပါသည်။ကလောင်အမည် - ဂမုန်း (မိုးမောက်မြို့)

# Education Fair

**CBCM-COMMISSION**



ရန်ကုန်(KMSS) ကရုဏာမှ ဦးဆောင်ပြီး Edducation Fair တစ်ခုကို (၁၁၊၁၀၊၂၀၁၆)နေ့တွင် ကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက်၌ ပြုလုပ်ခဲ့သည်။ Education Fair ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ လူငယ်နှင့် Social workerများမိမိ၏ အခွင့်အလမ်းများကို သိရှိလာစေရန်၊ လာရောက်မိတ်ဆက်သောကျောင်းများအကြောင်း ၊သတင်းအချက်အလက်များကို ပိုမိုသိရှိလာရန်၊ ၎င်းကျောင်းများနှင့် အချိတ်အဆက်မိစေရန်တို့ဖြစ်သည်ဟုသိရသည်။ အခမ်းအနား၏ အဖွင့်အမှာစကားကို ရန်ကုန်ကရုဏာ ဒါရိုက်တာ Dr.Richard U Win Tun Kyiမှ ပြောကြားသည်။ ဖိတ်ကြားထားသောကျောင်း အကြီးအကဲများကမိမိကျောင်းတော်ကြီးအကြောင်းကိုလူငယ်များနှင့်လာရောက် မိတ်ဆက်ကြသည်။Tabyayနှင့်AITကျောင်းများမိတ်ဆက်ခြင်းအပြီးတွင် ကော်ဖီသုံးဆောင်ခဲ့ကြသည်။ ၎င်းမှတစ်ဆင့် ABACနှင့် KAADကျောင်းများကဆက်လက်ဆောင်ရွက်သွားသည်။ Question and answer ကဏ္ဍကို မိနစ်(၃၀) ပြုလုပ်ကာ မိတ်မဆက်လိုက်ရသောကျောင်းများတွင် တက်ရောက်သူများကလည်း မိမိသိလိုသောအကြောင်းအရာများကို မေးမြန်းဆွေးနွေးသွားကြရာ စိတ်ဝင်စားဖွယ် ကောင်းလှသလို အကျိုးကျေးဇူးလည်းများလှပေသည်။ Dr. Richard U Win Tun Kyi က ကျေးဇူးတင်စကား ပြောကြားပြီးသည့်နောက် အခမ်းအနားကို အောင်မြင်စွာ အဆုံးသတ်လိုက်ပါသည်။ (CBCM-OSC)

# (၇၉)ကြိမ်မြောက်စိန်ဖရန်စစ်အစီစီကျောင်းပွဲတော်ကြီးကျင်းပ



(၇၉) ကြိမ်မြောက် စိန်ဖရန်စစ်အစီစီ ကျောင်းပွဲတော်ကြီး ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ (၂၅၊ ၉၊၂၀၁၆) ရက်၊ တနင်္ဂနွေနေ့၊ ညနေ (၅း၀၀) နာရီ အချိန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ပွဲတော်ဖွင့်ပွဲအခမ်းအနား တွင်၊ ရှေးဦးစွာ စိန်ဖရန်စစ်အစီစီ၏ အလံ တော်ကို မွန်ဆီညော် မောရစ်ညွှန့်ဝေမှ ကောင်းချီးပေး၍၊ စိန်ဖရန်စစ် အစီစီ၏ ကျောင်းထိုင် ဘုန်းတော်ကြီး Fr. Jacob စောအေးသောင်းမှ အလံတော်ကို လွှင့်ထူ ပေးခဲ့ပါသည်။ (၂၅၊၉၊၂၀၁၆) ပွဲတော်ဖွင့် ပွဲမှ စတင်ပြီး (၃၊၁၀၊၂၀၁၆) ရက်နေ့အထိ၊ နေ့စဉ်နေ့တိုင်း စိန်ဖရန်စစ်အစီစီ၏ နိုဗီနား ဆုတောင်းမေတ္တာ၊ နိုဗီနား မစ္ဆားတရား တော်မြတ်၊ နေ့ရက်အလိုက် စိန်ဖရန်စစ် အစီစီဆောင်ပုဒ်များဖတ်ကြားခြင်း၊ Theme အလိုက်ဩဝါဒများ ဟောကြားခြင်း၊ စီတန်း လှည့်လည်ခြင်း၊ ကိုယ်တော်မြတ်ကောင်း ချီးမင်္ဂလာပေးခြင်းအခမ်းအနားများ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အောက်တိုဘာလ (၃) ရက်နေ့ ညနေ(၄း၄၅) နာရီအချိန်၊ ရန်ကုန် ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုကို စိန်ရန်စစ်အစီစီ သာသနာ အုပ်စုမှ ကျောင်းထိုင်ဘုန်းတော်ကြီး Fr. Jacob အမှူးပြုပြီး၊ အဖွဲ့အစည်းအားလုံးမှ ပုဂ္ဂိုလ်များ သာသနာတွင်ရှိနေကြသည့်ဘာ သာတူသားသမီး အားလုံးက ကာဒီနယ် ချားလ်စ်ဘိုအား ကြိုဆိုနှုတ်ဆက်ကြပြီး၊ ပန်းစီးများဆက်သခြင်းဖြင့် ကြိုဆိုခဲ့ကြ ပါသည်။

ဆက်လက်ပြီး ညနေ (၅း၀၀) နာရီအချိန်တွင် စိန်ဖရန်စစ်အစီစီ၏ နိုဗီနား မစ္ဆားတရားတော်ကို ကာဒီနယ်ချားလ်စ် ဘိုမှ ဦးဆောင်တင်ပူဇော်ပေးပြီး၊ စီတန်း လှည့်လည်ခြင်း၊ စိန်ဖရန်စစ်အစီစီ၏ အလံ တော်ကို၊ ကာဒီနယ်ချားလ်စ်ဘိုနှင့်ကျောင်း ထိုင်ဘုန်းကြီးတို့က အလံတော်အား ပြန် လည်ရုပ်သိမ်းစဉ်တွင် လက်ခုပ်ဩဘာများ ပေးခြင်း၊ မီးရှူးမီးပန်းဖောက်ခြင်း၊ ဘုရား ကျောင်းခေါင်းလောင်းထိုးခြင်း၊ ဓမ္မသီချင်း များသီဆိုခြင်းများပြုလုပ်၍ အောင်မြင်စွာ ဖြင့် အလံတော်ကိုရုပ်သိမ်းခဲ့ပါသည်။

(၄၊၁၀၊၂၀၁၆) အင်္ဂါနေ့ စိန်ဖရန် စစ်အစီစီ၏ ပွဲတော်ကြီးနေ့၊ နံနက်(၉း၀၀) နာရီအချိန် ဘားအံဂိုဏ်းအုပ်ဆရာတော် ကြီး ဂျက်စတင်းစောမင်းသိုက်မှ ဦးဆောင် ၍ ရဟန်းတော် (၂၄)ပါးနှင့် ကျေးဇူးတင် မစ္ဆားတရားတော်မြတ်ကြီးကို တင်ပူဇော် ခဲ့ပါသည်။ ထိုအခမ်းအနားတွင် ကိုရင်၊ သီလရှင်၊ ဘာသာတူ သားသမီးများအင်တိုက် အားတိုက်ဖြင့်ပါဝင်ဝတ်ပြုဆုတောင်း ပေးခဲ့ကြပါသည်။ မစ္ဆားတရားအပြီးတွင် တက်ရောက်လာသော ဘာသာတူများအား နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံကျွေးမွေးခဲ့ ပါသည်။ (၇၉) ကြိမ်မြောက် စိန်ဖရန် စစ်အစီစီပွဲတော်ကြီး ဖြစ်မြောက်ရန် ပါဝင် ကူညီဆောင်ရွက်ပေးကြသော ပွဲတော် ကျင်းပရေးကော်မတီ၊ ဂေါပကအဖွဲ့ဝင်လူ ကြီးများ၊ အဖွဲ့အစည်းတိုင်းမှ ပုဂ္ဂိုလ်များ၊ ဘုရားကျောင်းကို အလှဆင်ပေးကြသော FMM သီလရှင်များနှင့် သီလရှင်လောင်း များ၊ နေ့စဉ်အတွက်ပန်း၊ ဖယောင်းတိုင်များ လှူဒါန်းပေးခဲ့ကြသော အလှူရှင်မိသားစု များ၊ နေ့စဉ်တက်ရောက်ကြသော ဘာသာ တူများအား ကျွေးမွေးလှူဒါန်းခဲ့ကြသော အဖွဲ့ အစည်းတိုင်းမှပုဂ္ဂိုလ်များ၊ ချက်ပြုတ် ပေးသော ဒေါ်မေရီနှင့်အဖွဲ့၊ လုံခြုံရေး တာဝန်ကို နေ့စဉ် တာဝန်ယူပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ပွဲတော်ဖြစ်မြောက်အောင်အလှူ ခံပေးခြင်း၊ မစ္ဆားတရားတောင်းခံခြင်းများ ကို ပြုလုပ်ပေးခဲ့သော ပုဂ္ဂိုလ်များအား လည်းကောင်း၊ ဤပွဲတော်ကို ဖြစ်မြောက် အောင်လုပ်အားဖြင့် ကူညီကြသော ပုဂ္ဂိုလ် များအားလုံး ဆုတောင်းပေးခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင် ရှိပြီး ရဟန္တာမြတ် စိန်ဖရန်စစ်အစီစီထံမှ ကောင်းချီးတော်များနှင့် ငြိမ်းချမ်းရေးပါရမီ ကျင့်စဉ်များ ခံစားရရှိနိုင်ပါစေလို့ မေတ္တာပို့ ဆုတောင်းပေးပါကြောင်းကို ကိုဇေဗီးယား စိန်ဖရန်စစ် အစီစီသာသနာမှ သတင်းပေး ပို့ချက်အရသိရပါသည်။ (Xavier Ny)





# စိန့်ဗင်းဆင်းဒီပေါလ်အဖွဲ့အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်ရွေးချယ်ပွဲနှင့်ပွဲတော်နေ့ကျင်းပ



မင်းပညာရှိသုံးပါး ကျောင်းထိုင်ဘုန်းတော်ကြီး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တာဝန်ပေးအပ်ခြင်းကို စက်တင်ဘာလ(၂၅)ရက် တနင်္ဂနွေနေ့ ၊နံနက်(၉)နာရီအချိန်တွင် ရှုပါရုံသုံးပါးမယ်တော်ခန်းမဆောင်တွင် ပြုလုပ်ကျင်းပခဲ့ရာ အောက်ပါအဖွဲ့ဝင်သစ်များအား ရွေးချယ်ခဲ့ပါသည်။ မာကုထွန်းထွန်းဦး(ဥက္ကဋ္ဌ)၊ စောဘိုကြည်(ဒု- ဥက္ကဋ္ဌ)၊ ဒေါ်သန္တာကြည်(အတွင်းရေးမှူး)၊ ဦးထွန်းဝင်း(တွဲဖက်အတွင်းရေးမှူး)၊ မအယ်စတာအေးအေးညွန့် (ဘဏ္ဍာရေးမှူး)၊ ဒေါ်ထရေဇားစုစု(တွဲဖက်ဘဏ္ဍာရေးမှူး)၊သင်းသင်းကြည်(စာရင်းစစ်)၊ ဦးဝီလျံထွန်း(အဖွဲ့ဝင်)၊ ဦးလာဇရက်(အဖွဲ့ဝင်)တို့ဖြစ်ပါသည်။

စက်တင်ဘာလ(၂၇)ရက် အင်္ဂါနေ့တွင်လည်းစိန့်ဗင်းဆင်းဒီပေါလ်ပွဲတော်နေ့ အခမ်းအနားကိုနံနက်(၆း၃၀)၌ ကျေးဇူးတင်းမစ္ဆားတရားတော်မြတ်ဖြင့် ပူဇော်ဆုတောင်းခဲ့ရာ ကျောင်းထိုင်ဘုန်းတော်ကြီးက စိန့်ဗင်းဆင်းဒီပေါလ်အသင်းဝင်များ၏ ထားရှိရမည့် စိတ်ဓါတ်နှင့်စေတနာကိုလည်းကောင်း၊ စိန့်ဗင်းဆင်းဒီပေါလ်သူတော်စင်ကြီး၏ မွန်မြတ်သောစေတနာနှင့် ဆင်းရဲဒုက္ခရောက်နေသူများအပေါ် ထားရှိခဲ့သည့်မေတ္တာတရားများ ရက်ရောခြင်းများကို အကျယ်တဝင့်ရှင်းပြခဲ့သည်။အခမ်းအနားသို့ အလုပ်အမှုဆောင်အသင်းဝင်သစ်များ၊ အသင်းဝင်ဟောင်းများ၊ လစဉ်ထောက်ပံ့ခံအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များပါဝင်အားပေးဂုဏ်ပြုဆုတောင်းပေးကြသည်။ ဖထီးမန်းမြင့်ဦး(နှစ်ကြော့ပြန်)

# စိန့်အက်ဒွက်ပွဲတော်ကြီးနှင့်ယေရှုးဘုရင်ကိုယ်တော်မြတ်ဗိမာန်တော်ဖွင့်ပွဲ



ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ စိန့်အက်ဒွက်သာသနာ (မင်္ဂလာဒုံ)တွင် အောက်တိုဘာလ (၉) ရက်နေ့ တနင်္ဂနွေနေ့၌သာသနာကို စောင့်ရှောက်မှိုင်းမတော်မူသော ရဟန္တာစိန့်အက်ဒွက်၏ပွဲနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ ပွဲတော်ကြီး၏မစ္ဆားတရားတော်မြတ်အစတွင် ယေရှုးဘုရင်ကိုယ်တော်မြတ်ဖူးဆောင်အသစ်ကို Rev. Fr. Hyginus Myint Soe မှ ကောင်းချီးပေးခြင်းနှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်း အခမ်းအနားပြုလုပ်ပေးခဲ့ပါသည်။ ထို့ပြင်သာသနာ အတွင်းရှိကလေးသူငယ်များ ၂၂ ဦးတို့သည်လည်း ပထမကိုယ်တော်မြတ်ခံယူခဲ့ကြပါသည်။ ၄င်းမစ္ဆားတရားတော်မြတ်တွင် ရပ်နီးရပ်ဝေးရှိ ဘာသာတူများနှင့် သာသနာအတွင်းရှိဘာသာသူများ (၇၀၀) နီးပါး ပါဝင်ခဲ့ကြပြီး ရဟန်းတော်များ စုစုပေါင်း (၁၅) ပါး ပါဝင်လျှက်အတူအကွ ပူဇော်ကျင်းပခဲ့ကြပါသည်။ (Sr.L Marie SPS)

# Amazing Grace ဓမ္မသီချင်းပြိုင်ပွဲသတင်း



မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံနှစ်ခြင်းအသင်းချုပ်နှင့် မြန်မာပြည်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်တို့မှ ပူးပေါင်းကျင်းပသော " မေတ္တာဝမ်းသာငြိမ်းချမ်းရာ" ရန်ကုန်ဓမ္မပွဲတော်၏ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (စနေနေ့)က ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ MCC(မြန်မာကွန်ဗင်းရှင်းစင်တာ)တွင်နေ့လည် ၁၂ နာရီအချိန်မှ အစပြုကျင်းပပြုလုပ်ခဲ့သော Amazing Grace ဓမ္မသီချင်းပြိုင်ပွဲသို့ St. Augustine's Catholic Church, Youth အဖွဲ့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ထိုပြိုင်ပွဲတွင် မြန်မာနိုင်ငံ ခရစ်ယာန် မျက်မမြင်များမိတ်သဟာယ (မခမမ)က ပထမ၊ ကချင်နှစ်ခြင်းအသင်းတော်အဖွဲ့က ဒုတိယ၊ ညီအစ်ကိုများအသင်းတော် (ဇမိုင်၊ မရမ်းကုန်း) က တတိယရရှိခဲ့ပြီး St. Augustine's Catholic Church, Youth အဖွဲ့သည် အခြားအဖွဲ့ ၃ ဖွဲ့နှင့်အတူ နှစ်သိမ့်ဆုကို ရရှိခဲ့ပါသည်။ ဤဓမ္မသီချင်းပြိုင်ပွဲသို့ အသင်းတော်ကိုယ်စားပြု ပြိုင်ပွဲဝင် အဖွဲ့ပေါင်း (၂၄) ဖွဲ့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး St. Augustine's Catholic Church, Youth မှာ ကက်သလစ်အသင်းတော် မှ ပထမဆုံးအကြိမ်ပါဝင်သည့်ပြိုင်ပွဲလည်းဖြစ်ပါသည်။ **Vince Myint**

# ဓမ္မဆရာ/မများ၏ ဂျူဘီလီနှစ်နှင့် စုံညီအစည်းဝေးပွဲတော်



မြစ်ကြီးနားဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာဓမ္မဆရာ /မ များ၏ ဘုရားသခင်၏ သနားကြင်နာခြင်းဂျူဘီလီနှစ်နှင့် စုံညီအစည်းဝေးပွဲတော်ကြီးကို ဂိုဏ်းအုပ်သာသနာ အတွင်းရှိ ဘုန်းတော်ကြီးတစ်ပိုင် (၂၀)ရှိသည့်အနက် (၁၉)ခုမှ ဓမ္မဆရာ/မ များ (၄၂၀)ဦးနှင့် သံလုကာဓမ္မကောလိပ်ကျောင်းမှ SECON YEAR, FIRST YEAR ကျောင်းသား/သူ (၈၅) စုစုပေါင်း (၅၀၀)ကျော်ပါဝင်တက်ရောက်ခဲ့ကြပါသည်။(၁၄)ရက် ညနေတွင် ကြိုဆိုမိတ်ဆက်ခြင်းအစီအစဉ်ဖြင့်စတင်ပြီး ၁၅ရက်မနက်တွင်သေလွန်သွားကြသောဓမ္မဆရာ/မများ၏ဝိညာဉ်အတွက်မစ္ဆားတရားပြုလုပ်ပေးခဲ့ပြီးနောက်တစ်နေ့တာလုံးကို သနားကြင်နာခြင်းနှင့် ဆိုင်ရာများကို Fr. John La Sam (MF)မှ ဝေမျှပေးခြင်း၊ ညနေပိုင်းအစီစဉ်ကိုည(၇)နာရီတွင် ဘုန်းတော်ကြီးတစ်ပိုင်အလိုက်ဓမ္မသီချင်းစပ်ဆိုခြင်း/ရိုးရာတေးသရုပ်ဖော်အကများဖြင့်ယှဉ်ပြိုင်ပါဝင်ပြုလုပ်ခဲ့ကြပါသည်။

၁၆၊၁၀၊၂၀၁၆နေ့တွင်ဘုန်တော်ကြီးတစ်ပိုင်အလိုက် သာသနာလုပ်ငန်းများကိုဆွေးနွေးတင်ပြခြင်းများပြုလုပ်ကာ ညနေပိုင်း ၃ နာရီချိန်တွင် ဒုက္ခစရိယာကားတိုင်လှည့်ခြင်း (Reconciliation Service) ပြန်လည်သင့်မြတ်ခြင်းအခမ်းအနားနှင့် အာပါတ်ဖြေခြင်းများ ပြုလုပ်ပြီးနောက်အပိတ်တွင် အဖဆရာတော်မှဦးဆောင်၍ ကိုယ်တော်မြတ် ကောင်းကြီးမင်္ဂလာခံယူခြင်းဖြင့်အဆုံးသတ် ပြုလုပ်နိုင်ခဲ့ပါသည်။ညပိုင်း(၇း၃၀)နာရီအချိန်တွင် (Gamung Lanya) ကချင်ရိုးရာ ဟာသပဒေသာ လူရွှင်တော်များမှ အဖွဲ့လိုက်တင်ဆက်ခြင်းဖြင့် ပျော်ရွှင်ရယ်မောစွာနှင့် ညပိုင်းအစီစဉ်ကိုပြုလုပ်ခဲ့ပါသည်။ ၁၇ ရက်နေ့(၆)နာရီတွင်ကျေးဇူးနှင့် မစ္ဆားတရားနှင့် စေလွှတ်ခြင်း အခမ်းအနားဖြင့် ပြုလုပ်ပေးပြီး ဓမ္မဆရာ/မများ၏ သနားကြင်နာခြင်း ဂျူဘီလီနှစ်နှင့် စုံညီအစည်းအဝေးပွဲတော်ကြီးကို ဘုရား၏ကျေးဇူးတော်ကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ (Sr. Abawk Easter)





# ချမ်းသာကုန်းကိုးရမယ်တော်ပွဲကျင်းပခြင်းနှင့်မယ်တော်သမိုင်းအကျဉ်း

မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာအတွင်းရှိ ပလိပ်မြို့ ချမ်းသာကုန်း စိပ်ပုတီးမယ်တော် သခင်မပွဲတော်ကို (၂၀၁၆) ခုနှစ် အောက်တိုဘာလ (၁၅-၁၆)နှစ်ရက်တာကျင်းပပြုလုပ်ခဲ့ကြပါသည်။ ပွဲတော်သို့ မန္တလေးကက်သလစ်သာသနာမှ ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလားစ်မန်ထန်းနှင့်အတူသာသနာအသီးသီးမှ ဘုန်းတော်ကြီး (၄၀) ပါးကျော်၊ ရပ်နီးရပ်ဝေးမှ သီလရှင်များ၊ ကိုရင်များနှင့်ဘာသာတူပေါင်း မြောက်များစွာ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အောက်တိုဘာလ (၁၅) ရက်နေ့ ပွဲတော်အဝင်မစ္ဆားတရားမစတင်မီ မန္တလေးကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး နီကောလားစ်မန်ထန်းမှ အလှူရှင်ဦးမြင့်ဝေ လှူဒါန်းသော ကျေးရွာအတွင်း ကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်းအား ကောင်းချီးပေးဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက်မစ္ဆားတရားတော်မြတ်အား ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလာစ်းမန်ထန်းမှ ဦးဆောင်ကာ ဩဝါဒတရားရေအေးကို တိုက်ကျွေးခဲ့ပါသည်။ မစ္ဆားတရား ပူဇော်ခြင်းအပြီးတွင် ကျေးရွာအတွင်း ဆင်းတုတော်များဖြင့် စီတန်းလှည့်လည်ကာ ဆုတောင်းခြင်းပြုလုပ်ခဲ့ကြပါသည်။ စီတန်းလှည့်လည်ခြင်း အပြီးတွင် ခန်းမဆောင်အတွင်း ကိုယ်တော်မြတ်ကောင်းချီးမင်္ဂလာဖူးမြော်ခြင်း၊ ညပိုင်းတွင် မယ်တော့်ထံလာရောက် သဒ္ဓါကြည်ညိုကြသော ဘာသာတူများမှ ဆီမီးတစ်ထောင်အားထွန်းညှိပူဇော်ခဲ့ကြပါသည်။ ထို့အပြင် တစ်နာရီခြားတစ်ကြိမ် မစ္ဆားတရား ကိုးခုကို ပူဇော်ခဲ့ကြပါသည်။အောက်တိုဘာလ(၁၆) ရက်နေ့ နံနက်(၈)နာရီ ပွဲတော်မစ္ဆားတရားတွင်ဂိုဏ်းချုပ်ဆရာတော်ကြီးမှ ဦးဆောင်၍ ဘုန်းတော်ကြီးဂျွန်ဦးစိုးတင့်မှ ဩဝါဒတရားရေအေးတိုက်ကျွေးခဲ့ပါသည်။ ဘုန်းတော်ကြီးဂျွန်ဦးစိုးတင့်မှ ဩဝါဒတရားရေအေးတိုက်ကျွေးရာတွင်မယ်တော်ဟာသားတော်ရဲ့ကယ်တင်ခြင်းမှာ ခရစ်တော်ဘုရားရှင်ရဲ့ မိခင်ဆိုတဲ့ ဂုဏ်ပုဒ်ကိုရရှိခဲ့ပါတယ်။ သားတော် ခရစ်တော်ရဲ့မိခင်ဖြစ်ရခြင်းအတွက် မိမိကိုယ်ကိုလိုလိုလားလားဘုရားရှင်ထံမှာ ဆက်ကပ်ပူဇော်ခဲ့ပါတယ်။အပျိုကညာတစ်ယောက်အနေနဲ့ သားတော်ကိုပဋိသန္ဓေဆွဲယူခြင်းက ထာဝရအပျိုစင်ဖြစ်စေဟုခေါ်တော်မူခြင်းနဲ့ ခရစ်တော်ရဲ့ မိခင်မယ်တော်ဖြစ်စေဖို့ ခေါ်တော်မူခြင်းတွေကို တစ်ပြိုင်တည်းပြည့်စုံစေပါတယ်။ ယ်တော်ဟာဓမ္မဟောင်းက အာဗြာဟံတို့ မိုးဇယ်တို့ ပရောဖတ်တို့လို ဘုရားရဲ့အစေခံဖြစ်ပါတယ်။ ပိုမယ်ဆိုရင် မယ်တော်ကတောင် ပိုပါသေးတယ်။ မယ်တော်ဟာတမန်တော်ကြီးတွေရဲ့အရင် ကျွန်ုပ်တို့အားလုံးရဲ့အရင် သားတော်ကို ယုံကြည်ခဲ့သူဖြစ်ပါတယ်။ မယ်တော်ဟာ ခရစ်တော်ဘုရားရှင်ကို ယုံကြည်သူဖြစ်တယ်ဆိုတာ သမ္မာကျမ်းစာမှာအတိအလင်းတွေ့နိုင်ပါတယ်။ တမန်တော်ကြီးတွေရဲ့အရင် တမန်တော်တွေ ခရစ်တော်ကို မယုံခင်ကတည်းက မယ်တော်ကခရစ်တော်ကိုယုံကြည်ခဲ့သူဖြစ်ပါတယ်။ ကောင်းကင်တမန်က သင်၏ဝမ်းခေါင်း၌ ပဋိသန္ဓေစွဲယူ၍သင်သည် သားယောကျ်ားကိုဖွားမြင်ရလိမ့်မည်။ သူ၏အမည်ကို ယေဇူးဟုမှည့်ခေါ်ရလိမ့်မည်ဟု အမိန့်တော်ပြန်တဲ့အခါ မယ်တော်ယုံကြည်ခဲ့ပါတယ်။ သူငယ်တော်ကို ဗိမ္မာန်တော်မှာ ပူဇော်တဲ့အခါ စီမေအုန်သူမြတ်က ဤသူငယ်သည် အီဇရာအဲလ်လူမျိုးတွင် လူအများ၏ပျက်စီးခြင်းအတွက်လည်းကောင်း၊ ထမြောက်ခြင်းအတွက်လည်းကောင်း၊ ဆန့်ကျင်ဘက်ပြုခြင်းခံရပြီး အမှတ်လက္ခဏာအဖြစ် လည်းကောင်း၊ ခန့်ထားခြင်းခံရသောသူဖြစ်၏လို့ ဆိုထားတာကိုတွေ့ရပါတယ် ဆိုတဲ့အခါမှာလည်း မယ်တော်ယုံကြည်ခဲ့ပါတယ်။ အချုပ်ပြောရမည်ဆိုလျှင်မယ်တော်ဟာ ကျွန်ုပ်တို့အားလုံးရဲ့စံပြယုံကြည်သူတစ်ယောက် ဖြစ်ပါတယ်။ မယ်တော်ကဲ့သို့ ဘုရားရှင်၌ယုံကြည်အားကိုးကြဖို့မယ်တော်က ကျွန်ုပ်တို့ကိုစံပြအဖြစ်နဲ့ရှေ့ကနေ လမ်းကောင်းပြသွားခဲ့ပါတယ်။ မယ်တော်ကဲ့သို့ ဆုတောင်းခြင်းအားဖြင့် ဘုရားရှင်၌ ယုံကြည်အားကိုးဖို့ မယ်တော်ဒီကနေ့ ကျွန်ုပ်တို့ကိုတောင်းခံပါတယ်။ အခုခေတ်မှာလူတွေဟာဆုတောင်းချင်စိတ်တွေပျောက်ကုန်ကြတယ်။ တစ်ချို့လူတွေကပြောတယ် ဆုတောင်းမနေပါနဲ့ အဲဒါအချိန်ဖြုန်းတာပဲအကျိုးရှိတဲ့အလုပ်ကို ထလုပ်လိုက်ပါ အဲဒါက ပိုကောင်းပါတယ်။ ယုံကြည်သူကျွန်ုပ်တို့အနေနဲ့ ဒါဟာမှန်သလား။မမှန်ပါဘူးမှားပါတယ်။ တစ်ချို့လည်းပဲမေးခွန်းထုတ်ကြတယ်။ဆုတောင်းဖို့လိုလို့လား၊အဖြေကတော့ ရှင်းရှင်းလေးပါပဲ။ ဆုတောင်းဖို့လိုပါတယ်။ သခင်ခရစ်တော်ဘုရားရှင်ကိုယ်တိုင်ဆုတောင်းခြင်းကို ပြုခဲ့ပါတယ်။ တကယ်တမ်းတော့ ခရစ်တော်ဘုရားရှင်ဟာသူ့အတွက် ဆုတောင်းစရာမလိုပါဘူး။ သို့သော်လည်းပဲ ကိုယ်တော်ရှင်ရဲ့အသက်တာ တစ်လျှောက်လုံးမှာ အစဉ်မပျက် ဆုတောင်းခြင်းကို ပြုခဲ့သလို သူ့ရဲ့တမန်တော်ကြီးတွေ သူ့ရဲ့နောက်လိုက်တွေကိုလည်း ဆုတောင်းဖို့ရာသင်ကြားပေးခဲ့ပါတယ်။ ကိုယ်တော်ရှင်ကိုယ်တိုင်ဆုတောင်းခြင်းပြု ယုံတင်မကပဲကျွန်ုပ်တို့တစ်တွေလည်း ဆုတောင်းခြင်းပြုကြဖို့ ကိုယ်တော်ရှင် တရားပေးပါတယ်။ ဆုတောင်းခြင်းဆိုတာဘာလဲ။ ရဟန္တာတွေကပြောပါတယ် ဆုတောင်းခြင်းဆိုတာ ကျွန်ုပ်တို့ရဲ့ နလုံးသားတွေကို ဘုရားရှင်ထံပင့်မြှောက်ပေးခြင်းဖြစ်တယ်။ ဒီဆုတောင်းခြင်းက ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တို့တစ်တွေကို ဘုရားရှင်နဲ့အတူရှိစေပါတယ်။ ဆုတောင်းခြင်းက ကျွန်ုပ်တို့တစ်တွေကို ဘုရားရှင်နဲ့ တစ်လုံးတစ်ဝတည်း ပေါင်းစပ်စေပါတယ်။ ဒီဆုတောင်းခြင်းက ဘုရားရှင်နဲ့ကျွန်ုပ်တို့ အဆက်အသွယ်ပြုနိုင်ပါတယ်။ ဆုတောင်းခြင်းမှာ ကျွန်ုပ်တို့တစ်တွေဟာ ဘုရားရှင်ဆီကိုရောက်သွားပြီး ကျွန်ုပ်တို့ဟာဘုရားရှင်ကို ယုံကြည်လက်ခံကြဖို့လိုသလို ဘုရားရှင်ကလည်းပဲ ကျွန်ုပ်တို့ကို အရှိအတိုင်းလက်ခံပေးပါတယ်။ ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းဟာကြီးမားလေလေ ကျွန်ုပ်တို့ရဲ့ ဆုတောင်းခြင်းဟာလည်းပဲလေးနက်လေလေဖြစ်ပါတယ်။ ထို့ကြောင့် အသင်းတော်ရဲ့ဖခင်ကြီးများက ဆုတောင်းခြင်းခမ်းခြောက်သွားတဲ့အခါမှာ အသက်ရှင်တဲ့ယုံကြည်ခြင်းဆိုတဲ့ရေကိုလောင်းပေးကြပါလို့ကျွန်ုပ်တို့ကိုအကြံပြုခဲ့ပါတယ်။ ဆုတောင်းခြင်းဖြင့် ကျွန်ုပ်တို့ဟာယုံကြည်ကြတယ်။ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့ဟာဆုတောင်းကြပါတယ်။ အရောင်ဟာပန်းနဲ့ဆိုင်သလို ဆုတောင်းခြင်းဟာလည်းယုံကြည်ခြင်းနဲ့ ဆိုင်ပါတယ်။ ဆုတောင်းခြင်းကယုံကြည်ခြင်းကို အလင်းပေးသလိုဆုတောင်းခြင်းကကျွန်ုပ်တို့ရဲ့အသက်ရှင်ခြင်းပုံစံကိုလည်း သတ်မှတ်ပေးပါတယ်။ ဆုတောင်းခြင်းနဲ့ ယုံကြည်ခြင်းကို ခွဲလို့မရပါဘူး။ ဆုတောင်းခြင်းနဲ့ ယုံကြည်ခြင်းဟာ ကျွန်ုပ်တို့ရဲ့နေ့စဉ် ခရစ်ယာန်ဘဝအသက်တာမှာ လက်တွဲပြီးတော့ အတူလျှောက်လှမ်းနိုင်ပါတယ်။ကျွန်ုပ်တို့တတွေဘုရားရှင်နဲ့အတူ အဆက်မပျက်ဆုတောင်းကာ ဘဝကို လျှောက်လှမ်းနိုင်ပါစေလို့ ကျွန်ုပ်အနေနဲ့ဆုတောင်းပေးပါတယ်ဟုဩဝါဒတရားရေအေးကိုတိုက်ကျွေးခဲ့ပါသည်။ မစ္ဆားတရားအပြီးတွင် ကျောင်းထိုင်ဘုန်းတော်ကြီး Fr.David Kyaw Swa Latt မှကျေးဇူးတင်စကားပြောကြားရာတွင် အထူးသဖြင့် (၂၀၁၆) ခုနှစ်ချမ်းသာကုန်း စိပ်ပုတီးမယ်တော်သခင်မပွဲတော်ကို အောင်မြင်စွာဖြင့် ခုလိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့တဲ့အတွက် အဖဘုရားသခင်အား ဦးစွာကျေးဇူးတင်ပါတယ်။ ဘာလို့ကျေးဇူးတင်ရလည်းဆိုတော့ ဒီပွဲမတိုင်ခင်နှစ်ရက်သုံးရက်အလိုက ထူးဆန်းတာလေးတွေ ဖြစ်သွားခဲ့ပါတယ်။ မိုးကရွာလိုက်တိတ်လိုက်ဆိုတော့ ကျွန်တော်တို့တွေ သာသာယာယာနဲ့ကျင်းပနိုင်ရအောင်ဆုတောင်းမေတ္တာတွေပြုကြရပါတယ်။ နိုဗီးနာတွေ လုပ်ကြရပါတယ်။ နောက်ပွဲမတိုင်ခင် နှစ်ရက်အလိုမှာ ပလိပ်သွားတဲ့အခါမှာပလိပ်မှာရေဆိုနေပါတယ်။ ဒါပေမယ့် မယ်တော့်မြေကတော့ ခြောက်သွေ့လျှက်ပဲရှိပါတယ်။ နောက်တစ်နေ့မှာလည်း ဒီလိုပါပဲစဥ္စကိုင်ဘက်ကို အလုပ်




အဆက် စာ (၁၄)သို့

စာ (၁၃)မှ အဆက်

ကိစ္စနဲ့ သွားတဲ့အခါမှာလည်း စစ်ကိုင်းမြို့ဒီဘက်လမ်းက မိုးရွာထားတဲ့အတွက် ရေစိုနေပေမယ့်ကျွန်တော်တို့ရဲ့ ဒီချမ်းသာကုန်းမယ်တော့်မြေကတော့ ခြောက်ခြောက်သွေ့သွေ့ဖြစ်နေတာကို ထူးဆန်းစွာတွေ့ရပါတယ်။ ဒီလိုပါပဲ ဟိုတလောတုန်းက မန္တလေးတိုင်းမှာ မိုးသီးတွေကြွေကျတဲ့အခါမှာလည်း မြစ်ငယ်လောက်ကနေစပြီးတော့ ရာသီဥတုက ဖောက်ပြန်သွားတာကိုတွေ့ရပါတယ်။ ဒါပေမယ့် ဒီချမ်းသာကုန်းမှာအဲဒီလိုရာသီဥတုတွေ ဖောက်ပြန်တဲ့ဒဏ်ကိုမခံစားရအောင်လို့ မယ်တော်ကကူညီပံ့ပိုးပေးတယ်။ ကောင်းချီးပေးတဲ့အတွက် ဘုရားသခင်ကို အထူးပဲ ကျေးဇူးတင်ချင်ပါတယ်။ အထူးသဖြင့် ဒီနေ့လေးကို အောင်မြင်စွာဖြင့် ကျင်းပနိုင်တဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ဒီပွဲဖြစ်မြောက်အောင် ကူညီပေးတဲ့ အဓိကအဖွဲ့ဆယ်ဖွဲ့ရှိပါတယ်။ သူတို့ရဲ့ ကူညီမှုကြောင့်သာလျှင် ပွဲတော်က အောင်မြင်စွာနဲ့ကျင်းပနိုင်တာဖြစ်ပါတယ်။ဒီပွဲကို လုပ်ရတဲ့ ရည်ရွယ်ချက်က လာတဲ့လူတစ်ဦးတစ်ဦးစီက ဆုတောင်းမေတ္တာပြုနိုင်ဖို့ ၊ ဘုရားကို အာရုံပြုနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဆုတောင်းမေတ္တာပြုဖို့ အာရုံပြုနိုင်ဖို့ အကောင်းဆုံးကတော့ မစ္ဆားတရားတွေကို ကောင်းမွန်စွာနာကြားပြီးဘုရားရှိခိုးနိုင်အောင်နဲ့ရည်ရွယ်ချက်ပဲရှိပါတယ်။ဒီရည်ရွယ်ချက်ပေါ်မှာ မူတည်ပြီးတော့ ကျန်တဲ့အဖွဲ့အစည်းတွေက လာရောက်တဲ့ဘုရားဖူးတွေ ဘုရားရှိခိုးနိုင်အောင် နေထိုင်ရေး၊စားသောက်ရေး၊လုံခြုံရေး၊ ရေ၊ မီး၊ နေရာလေးတွေရနိုင်အောင်အတွက် ပြင်ဆင်ထားပေးခြင်းဖြစ်ပါတယ်။ ဝတ်ပြုကိုးကွယ်ရေးမှာ ကောင်းကောင်းမွန်မွန် အာရုံပြုနိုင်ဖို့အတွက် လူငယ်ဒါရိုက်တာ ဘုန်းတော်ကြီး Fr. Augustine Tin Mg Htun ကနေ လူငယ်တွေကို စည်းရုံးပြီး အခုလိုကောင်းကောင်းမွန်မွန် လူငယ်ကွာယာအဖွဲ့ ဓမ္မသီချင်းကို သီကျူးပေးတဲ့ အတွက်လည်း ကျေးဇူးအထူးတင်ရှိပါတယ်။

ဆက်လက်ပြီး ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလာစ်းမန်ထန်းမှလည်း စိပ်ပုတီးမယ်တော်သခင်မ ပွဲတော်ကိုကျင်းပခွင့်ရတဲ့ အတွက်ဘုရားသခင်ကို အလွန်ပင် ကျေးဇူးတင်ကြောင်း။ လာရောက်ပြီးဆုတောင်းကြတာလည်း အင်မတန်မှမွန်မြတ်ကြောင်း၊ ဂုဏ်ကျက်သရေရှိကြောင်း၊ ပွဲတော်ဖြစ်မြောက်ဖို့ရန်အတွက် အစစအရာရာမှာ နှစ်ပေါင်းများစွာတာဝန်ခံလာခဲ့ကြတဲ့ လာဇလတ် အသင်းဂိုဏ်းမှ အကြီးအကဲနှင့်တကွဘုန်းတော်ကြီးများအားလုံးကိုကျေးဇူးတင်ကြောင်း၊ လာဇလတ်ဘုန်းတော်ကြီးတွေ အနေနဲ့ ယခုပွဲသာမက မန္တလေးသာသနာအတွင်းမှာရှိတဲ့ ဘယ်အဖွဲ့အစည်းကမဆို ချမ်းသာကုန်းမှာ လာရောက်ပြီး လုပ်ဆောင်ကြတဲ့ အစည်းဝေး၊ သင်တန်းစတာတွေမှာ လိုလေသေးမရှိ တတ်နိုင်တဲ့ဘက်ကနေ အားသွန်ခွန်စိုက်ကြပ်မတ်ပေးသလို၊ တကယ့်အရေးကြီးဆုံးဖြစ်တဲ့စားရေးသောက်ရေးမှာ အမြဲကူညီပံ့ပိုးပေးတဲ့ ဦးမြင့်ဝေ(ရွှေငါးမိသားစု) ကိုလည်း အထူးကျေးဇူးတင်ပါကြောင်း၊ နောက်ချမ်းသာကုန်းမှဘာသာတူများအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။အထူးသဖြင့် Fr.ဩဂတ်စတင်း တင်မောင်ထွန်းဦးဆောင်တဲ့ မန္တလေးသာသနာလုံးဆိုင်ရာ လူငယ်ကော်မရှင် အဖွဲ့ကိုလည်း ကျေးဇူးတင်ကြောင်း၊ ဒီမှာလာရောက်ကြတဲ့ ဘာသာတူများအားလုံးကိုဆရာတော့်အနေနဲ့ အထူးမေတ္တာရပ်ခံချင်ကြောင်း၊ အဲဒီအရာက မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာတော်အတွက် မန္တလေးကက်သလစ် သာသနာအတွင်းမှ ဆရာတော်ကြီးတစ်ပါး အမြန်ဆုံးရရှိနိုင်ဖို့ရန်အတွက် ချမ်းသာကုန်းမယ်တော်ထံ လာရောက်၍ ကိုးစားသူတိုင်း **(ကောင်းကင်ဘုံ၊ဂုဏ်ကျေးဇူးတော်၊ ခမည်းတော်၊သားတော်၊)** စတဲ့မေတ္တာသုံးပုဒ်ကို အယောက်စီတိုင်းက မပြန်ခင်ရွတ်ဆို ဆုတောင်းပေးဖို့ရန်အတွက် တိုက်တွန်းပြောကြားခဲ့ပါသည်။



**ချမ်းသာကုန်းမယ်တော်၏ သမိုင်း**အကျဉ်းနှင့် သူကိုယ်တိုင်မယ်တော်မှတစ်ဆင့်ဘုရားသခင်ထံမှ ကျေးဇူးတော်များကိုရရှိသော ဘုန်းတော်ကြီး Fr.Peter Myo Aung မှ " ဒေါ်ဖန် ဆိုတဲ့မိန်းမတစ်ဦးကို မယ်တော်ကအိမ်မက်ပေးပါတယ်။ချမ်းသာကုန်းဘုရားကျောင်းတွင်းမှာရှိတဲ့ သဖန်းပင်ရဲ့အောက်မှာ ဆင်းတုတော်ရှိပါတယ်။ တူးပါလို့ပြောတဲ့အခါမှာ လူတွေကလည်း အိပ်မက်ပေးခံရတဲ့ ဒေါ်ဖန် ပြောတဲ့အတိုင်းပဲ မယ်တော်ဂူရဲ့နောက် သဖန်းပင်ရဲ့အောက်မှာတူးပြီးတော့ ရှာကြပါတယ်။ပထမတစ်ခါရှာတယ်။နှစ်ခါရှာတယ်။မတွေ့ပါဘူး ဒီခါမှာ လူတွေက ယုံကြည်ခြင်း အားနည်းသွားပြီး ဒေါ်ဖန်ကအလကားပါ သူ့ဟာသူအိပ်မက်ထဲမှာ ရတယ်ဆိုပြီးတော့ လူတွေကိုအားပျက်သွားစေပါတယ်။ နောက်ထပ်တစ်ခါထပ်ပြီးမယ်တော်ကသူ့ရဲ့ ဆင်းတုတကယ်ရှိတာပါဆိုပြီးတော့ ဒေါ်ဖန်ကိုထပ်ပြီးတော့ အိပ်မက်ပေးပါတယ်။ ဒီတစ်ခါမှာတော့ သူတို့ ပထမမယ်တော်ဂူရဲ့ နောက်က သဖန်းပင် နှစ်ပင်ရှိတဲ့အခါမှာ နောက်တစ်ပင်ကိုပြောင်းပြီးတော့ တူးလိုက်တဲ့အခါမှာ ဒီဆင်းတုတော်ကို တွေ့ရပါတယ်။ တွေ့ရတဲ့အခါမှာ ဒီဆင်းတုတော်က မြေမထိပဲ ဒီမြေကြီးထဲမှာ လှိုင်ဂူဖွဲ့ပြီး မတ်တပ်ရပ်လျှက်ရှိနေတာကို တွေ့ရပါတယ်။ ဒါကတော့ တူးဖော်တွေ့ရှိခဲ့ပုံလေးပါ။ နောက်ဘုန်းဘုန်းချမ်းသာကုန်းမှာ တာဝန်ရှိစဉ်မယ်တော့်ထံလာရောက် ကိုးစားကြသူတွေ အမှန်တကယ် ဆုတောင်းပြည့်တာကိုတွေ့ခဲ့ရသလို ဘုန်းဘုန်းတို့မိသားစု ကိုယ်တိုင်လည်း မယ်တော့်ထံကနေ ကျေးဇူးတော်တွေရရှိခဲ့ပါတယ်။ ဘုန်းဘုန်းရဲ့ မိခင်ကြီးကျန်းမာရေး အကြီးအကျယ် ဖောက်ခဲ့ပါတယ်။ ဖောက်တဲ့အခါမှာလည်း ဘုန်းဘုန်းတို့ဆရာဝန်ရဲ့ ပြောကြားချက်အရ အမေက ကျောက်ကပ်ကလည်း ကျုံ့နေတယ်၊ (၁၀)ရာခိုင်နှုန်းပဲ လှုပ်တယ်၊ နလုံးကလည်းပဲ သွေးကြောတွေကပိတ်နေပြီ ဒါကြောင့်ကျန်းမာရေးအခြေအနေကအသက်ရှင်ဖို့ အခွင့်အလမ်းက သိပ်မရှိတော့ဘူး ပြောတယ်။ ဒါနဲ့ဘုန်းဘုန်းတို့လည်း မယ်တော့်ကိုအပ်နှံပြီးတော့ပဲအမေ့ကို ဘုရားကပဲကုပါတယ်။

နောက်ဆုံး အမေဟာမထင်မှတ်ပဲနဲ့ ဆရာဝန်တွေ အံ့သြလောက်အောင်အမေ့ရဲ့ ရောဂါဟာ ထူးခြားစွာ ပျောက်ကင်းခဲ့ပါတယ်။ အမေကမယ်တော်ကို ကျေးဇူးတင်ချင်တယ် ချမ်းသာကုန်းမယ်တော်ကိုတော့ကျေးဇူးတင်ပြီးပြီညောင်လေးပင်မယ်တော်ကိုတော့ ကျေးဇူးတင်ချင်တယ် လိုက်ပို့ပါဆိုပြီး ဘုန်းဘုန်းတို့မိသားစု (၂၀၁၃)ခုနှစ်မှာ ညောင်လေးပင်မယ်တော်ပွဲကိုသွားပြီး ကျေးဇူးတင်ခဲ့ရပါတယ်။ အဲဒီမှာ ကာဒီနယ် ချာလ်စ်းဘိုရဲ့ဩဝါဒအပြီး နံနက်(၂)နာရီအပြန်မှာ တောင်ကွဲအင်းဆိုတဲ့မြို့ကလေးအထွက်မှာ ဘုန်းဘုန်းတို့မိသားစု ကားအက်စီးဒင့် ဖြစ်ပါတယ်။ ဒီခါမှာဘုန်းဘုန်းက မအိပ်ဘူးကားမောင်းတဲ့ညီလေးကို ဒီလမ်းက ခဏခဏကား မှောက်တယ်သတိထားလို့ ပြောပြနေတာ၊အကွေ့ရှိတယ်၊ ကားလာနေတယ်ဆိုပြီးပြောပြနေတယ်။ အနောက်က အမေနဲ့ညီမတို့ကလည်းလမ်းမှာ စိပ်ပုတီးစိပ်ရင်းလိုက်လာတယ်။ အဲဒီလိုပြောရင်းနဲ့ညီလေးကဆက်ကနဲဆို ကားမောင်းရင်း အိပ်ငိုက်သွားတဲ့အခါမှာ ကားက လမ်းဘေးဘယ်ဘက်ကို ဆွဲချပြီးတော့(၂၀၊၂၅ပေ)လောက်နက်တဲ့ချောက်ထဲကိုကျသွားခဲ့ပါတယ်။ဒီခါမှာအမေနဲ့အမ၊ညီမတွေကမယ်တော်ကယ်ပါကယ်ပါဆိုပြီးအော်တယ်။ အဲဒီမှာကားဘီးတွေကအပေါ်ရောက်ပြီး ချောက်ထဲကိုကျသွားခဲ့ပြီ။ ကျတဲ့နေရာကလည်းအံ့သြစရာပါပဲ ခရမ်းချဉ်သီးတွေ စိုက်တဲ့မြေနရေတင်ထားတဲ့အတွက်ကြောင့်မြေကပျော့နေတဲ့အတွက် သက်သာရာရခဲ့ပါတယ်။

ကားလည်းမြေကြီးပေါ်မှာကျရောချက်ချင်းပဲ လက်နဲ့စမ်းတဲ့အခါကားရှေ့တည့်တည့် ကမှန်ကမရှိတော့တာနဲ့ အဲ့ဒီကနေ ဘုန်းဘုန်းက အရင်ထွက်ပြီး အမေ၊ အစ်မနဲ့ ညီမကိုအရင်ခေါ်ထုတ်ပြီး ကားမောင်းတဲ့ ညီလေးကို ခေါ်ထုတ်တဲ့အခါ ညီလေးက ကျွန်တော်နားရွက်က ကားတံခါးပေါက်နဲ့ ညှပ်နေတာ နည်းနည်းလောက် မပေးပါ လားလို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်က ကားကိုနည်းနည်းလောက်မလိုက်တဲ့အခါ ညီလေးလည်းခေါင်းလွတ်လာတယ်။ ဒီအချိန်မှာ ကားတွေရောက်လာပြီးတော့ ကျွန်တော်ကလည်းသင်္ကန်းဝတ်ထားတယ်၊ ကားမှာကလည်းကက်သလစ်သာသနာလို့ ရေးထားတဲ့အခါလူတွေကအကုန်လုံး ဝိုင်းလာပြီး ကားကိုလည်း ထောင်ပေးကြတယ်။ ကူညီပေးကြတယ်။ အဲဒီမှာဘုန်းဘုန်းလည်းဘာမျှမဖြစ်ခဲ့ဘူး။ ဘုန်းဘုန်းရဲ့အမေ နလုံးရောဂါသည်ဟာလည်း ဘာမှမဖြစ်ခဲ့ဘူး။ ကျွန်တော်ရဲ့ညီမလည်း ဘာမှမဖြစ်ခဲ့ဘူး၊ ကားမောင်းတဲ့ ညီလေးကတော သူ့ဘက်ကို ကားက မှောက်တဲ့အခါမှာခေါင်းညက်လို့ နည်းနည်းပွန်းတယ်။ သူ့အမျိုးသမီးကတော့ လက်အရိုးအက်သွားတယ်။ ဒါလောက်ပဲဖြစ်သွားတယ်။ ဒါတွေဟာ ဘုန်းဘုန်းရဲ့ဘဝအသက်တာမှာ မယ်တော်ရဲ့ကူညီစောင့်ရှောက်ခြင်းဆိုတာ ဘုန်းဘုန်းကတကယ်ကို ရင်ထဲအသည်းထဲကနေ လက်ခံပါတယ်။

ဒါကြောင့်မို့ ဘုန်းဘုန်းက ပုပ်ဂျွန်ပေါလ်ပြောတဲ့ စကားလေးအရမ်းသတိရမိတယ်။ မယ်တော်ဟာသူ့ကိုပုဂ္ဂိုလ်ရေးအရကူညီစောင့်ရှောက်နေတဲ့ မိခင်ဖြစ်တယ်။ ဒီမယ်တော်ရဲ့ အားပေးမှုဟာသူ့ရဲ့သွေးကြောထဲထိအောင် ရှင်သန်နေတယ်။ အဲဒါကြောင့်မို့ ဘုန်းဘုန်းက အမြဲတမ်းပဲဇော်ဝင်းထွဋ်ရဲ့ကောင်းကင်မေမေဆိုတဲ့သီချင်းလေးကို အမြဲတမ်းဆိုပြီးတော့ ခွန်အားယူပါတယ်။ ယခုလိုဘုန်းဘုန်းရဲ့သက်သေခံခြင်းအားဖြင့် လူသားတိုင်းမယ်တော်ကိုသိလာပါစေ၊ မယ်တော်ကိုပိုပြီးတော့ ချစ်နိုင်ကြပါစေ၊ မယ်တော်ကိုပိုပြီးတော့ သဒ္ဓါကြည်ညိုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးရင်း အင်တာဗျူးလေးကိုအဆုံးသတ်ပါရစေဟုပြောပြခဲ့ပါသည်။ Pinky ( MDY-OSC)

# ဘုန်းတော်ကြီးများ၏နှစ်ပတ်လည်ဝတ်စောင့်ပွဲ

ပုသိမ်သာသနာ




နှစ်စဉ်နှစ်တိုင်း ပြုလုပ်လေ့ရှိသော ပုသိမ်သာသနာ ဘုန်းတော်ကြီးများ၏ နှစ်ပတ်လည်ဝတ်စောင့်ခြင်းကို ၂၀၁၆ အောက်တိုဘာလ (၉)ရက်မှ (၁၅)ရက်ထိ ပုသိမ်မြို့ Diocesan Hall တွင်ပြုလုပ်ကျင်းပခဲ့ပါသည်။ ဤဝတ်စောင့်ခြင်းကို မော်လမြိုင်သာသနာမှ ဘုန်းတော်ကြီးဗညားမှ Preacher အဖြစ်ဆောင်ရွက်ပြီး ဝိညာဉ်အစာအဟာရ တိုက်ကျွေးခဲ့ပါသည်။ ဘုန်းတော်ကြီးများ၏ နှစ်ပတ်လည်ဝတ်စောင့်ပွဲတွင် ပုသိမ်ဆရာတော် ဂျွန်မန်းဆိန်ဟိုနှင့်အတူ ဘုန်းတော်ကြီးများ (၇၀)ပါး တက်ရောက်ခဲ့ပါသည်။ ဤဝတ်စောင့်ပွဲတွင် Fr Banya ( Preacher ) မှ " Receive the Holy Spirit " "သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူကြလော့ " ခေါင်းစဉ်ဖြင့် (၅)ရက်တာ တရားရေအေးတိုက်ကျွေးခဲ့ပါသည်။ ဤဝတ်စောင့်ပွဲကိုအောင်မြင်စွာကျင်းပပြုလုပ်ခွင့်ပေးသော ဘုရားသခင်အားရှေ့ဦးစွာကျေးဇူးတင်လျှက် အဖက်ဖက်မှ ကူညီထောက်ပံ့ကြသော ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း ငွေကြေးအားဖြင့်သော်လည်းကောင်း လုပ်အားအားဖြင့်သော်လည်းကောင်း ဘာသာသူတစ်ယောက်စီတိုင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း Pathein OSC အဖွဲ့မှ သတင်းရယူထားပါသည်။ **Pathein OSC**

# ဆရာ/ ဆရာမများဝတ်စောင့်ခြင်း



ပုသိမ်ကက်သလစ်သာသနာ၊ ပုသိမ်မြို့ စိန်ပီတာကာသီဒြယ်တွင် (၉၊၁၀၊၂၀၁၆)နေ့ နံနက်မစ္ဆားတရားတော်မြတ်အပြီး၌ ပုသိမ်မြို့ပေါ်ရှိ ကက်သလစ်ဘာသာဝင် ဆရာ/မများ ဝတ်စောင့်ခဲ့ကြပါသည်။ ဦးစွာဘုန်းတော်ကြီးဂျွန်လွှမ်းမိုးနိုင်မှ အဖွင့်ဆုတောင်းဖြင့် စတင်ပေးခဲ့ပြီး ဘုန်းတော်ကြီးမှ ဩဝါဒမြွက်ကြားပေးခဲ့ပါသည်။ ထို့နောက်ကိုယ်တော်မြတ်အားသဒ္ဒါကြည်ညို ဖူးမျှော်ပူဇော်ကြပြီး ဘုန်းတော်ကြီး၏ ကောင်းချီးတော်ကိုခံယူကြလျှက် မွန်းလွဲ (၂) နာရီတွင် ဝတ်စောင့်ခြင်းကို အဆုံးသတ်ခဲ့ကြပါသည်။ ဝတ်စောင့်ပွဲသို့ ဆရာ/မ (၄၀) ဦး တက်ရောက်ခဲ့ကြောင်းသတင်းသိရှိရပါသည်။ နန့်ဂျူလိုင်အေး (ပုသိမ်)

# သနားခြင်းထူးခြားဂျူဘီလီနှစ်အလုပ်ရုံဆွေးနွေးပွဲနှင့်နှစ်ပတ်လည်ဝတ်စောင့်ခြင်း

လားရှိုးသာသနာ



သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/ဆရာမများနှင့် သင်းထောက်များ၏သနားခြင်းထူးခြားဂျူဘီလီနှစ်အလုပ်ရုံဆွေးနွေးပွဲနှင့် နှစ်ပတ်လည်ဝတ်စောင့်ခြင်းကို ၁၉၊ ၉၊ ၂၀၁၆ နေ့မှ ၂၆၊ ၉၊ ၂၀၁၆ နေ့အထိ လားရှိုးကြီး၊ သံလုကာဓမ္မဆရာသင်တန်းကျောင်းတွင်ကျင်းပပြုလုပ်ရာ ၂၀၊ ၉၊ ၂၀၁၆ မှ ၂၂၊ ၉၊ ၂၀၁၆ နေ့အထိသနားကြင်နာခြင်းနှစ်ခေါင်းစဉ်ဖြင့် Fr. Newman Raj, Fr. Dominic Tun Awng, Sr. Theresa Phe Ling Yah, Sr. Elizabeth Lazum Roi Ji, Sr. Susana Nyoi တို့မှတစ်ချိန်စီပို့ချပေးခဲ့ပြီး၊ တိုက်နယ်အသီးသီးမှ သမ္မာကျမ်းစာတမန်တော်လုပ်ငန်းလှုပ်ရှားမှုအကြောင်းကို ညပိုင်းအစီအစဉ်တွင် တင်ပြဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ၂၃၊ ၉၊ ၁၆ နေ့တွင်သင်တန်းသားများအားလုံး ရွှေနလုံးတော်ကာသီဒြယ်သို့သွားရောက်ကာ အာပတ်ဖြေခြင်း၊ မစ္ဆားတရားနာယူခြင်းဖြင့် ဂျူဘီလီအင်ဒူဂျင်းလျှားထူးခြားကျေးဇူးတော်ကိုခံယူခဲ့ကြပါသည်။ ထို့နောက် ၂၄၊ ၉၊၂၀၁၆ နေ့မှ ၂၅၊ ၉၊ ၂၀၁၆ နေ့အထိနှစ်ရက်တာ ဝတ်စောင့်ခြင်းကို **Fr. George La Ring** မှဦးဆောင်ပေးပြီး၊ ဝိညာဉ်ခွန်အားများရရှိကာ ၂၆၊ ၉၊ ၂၀၁၆နေ့တွင်မိမိဒေသသို့ အသီးသီးရွှင်လန်းစွာပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ထိုသင်တန်းနှင့် ဝတ်စောင့်ခြင်းအစည်းအဝေးသို့ လားရှိုးသာသနာတိုက်နယ်(၂၂)ခုမှ ဓမ္မဆရာ/ဆရာမများနှင့် သင်းထောက်များစုစုပေါင်း (၁၅၅) ဦးတက်ရောက်ခဲ့ကြပါသည်။ **Sr. Elizabeth Lazum Roi Ji, SJA**

# နမ္မတူတိုက်နယ်မိခင်ဖခင်များနှင့်လူငယ်များဝတ်စောင့်ခြင်း

လားရှိုးသာသနာ



လားရှိုးသာသနာ၊ နမ္မတူတိုက်နယ် မိခင်ဖခင်များဝတ်စောင့်ခြင်းကို (၁၄ -၁၀၊ ၂၀၁၆) နေ့နံနက် ၈း၀၀ နာရီမှ ညနေ ၆း၀၀ နာရီထိပြုလုပ်ခဲ့ပြီး လူငယ်များဝတ်စောင့်ခြင်းကို (၁၅- ၁၀၊၂၀၁၆) ရက်နေ့တွင် နမ္မတူအပြစ်မဲ့ သန္ဓေယူတော်မူသော ဘုရားကျောင်းတွင်ပြုလုပ်ခဲ့ပါသည်။

ထိုဝတ်စောင့်ပွဲတွင် Fr. James Luke , Fr. Henry, Fr. Alphonse, Fr.Peter, Fr. Lasam, တို့က မိခင်ဖခင်များနှင့်လူငယ်များအတွက် ဝိညာဉ်ခွန်အားရရှိစေသော တရားများကို ဟောကြားခဲ့ကြပါသည်။ အောက်တိုဘာလ (၁၈) ရက်နေ့တွင် ကျရောက်မည့် ဓမ္မဆရာ၊ ဆရာမများနှင့် သင်းထောက်များ၏ပွဲကိုလည်း ဝတ်စောင့်ခြင်းအပြီးတွင် နမ္မတူတိုက်နယ်မှ ဓမ္မဆရာ၊ ဆရာမများနှင့်သင်းထောက်များအား ဂုဏ်ပြုခြင်းအခမ်းအနားကိုလည်း ပြုလုပ်ခဲ့ကြပါသည်။ ဝတ်စောင့်ခြင်းကို ကျောင်းထိုင်ဘုန်းတော်ကြီး **Fr. Lucas Naw** မှ ဦးဆောင်ကျင်းပခဲ့ပြီး ရပ်ရွာအသီးသီးမှ မိခင်ဖခင်များ စုစုပေါင်း (၈၇) ယောက်၊ လူငယ်များ စုစုပေါင်း (၈၅) ယောက် ပါဝင်တက်ရောက်ခဲ့ကြသည်။





လွိုင်ကော်သာသနာ

# ဆရာ/မများအတွက်အာစရိယပူဇော်ပွဲ

ကက်သရင်းလွှန်

ကက်သလစ်ဆရာ/မများအတွက် အာစရိယပူဇော်ပွဲအခမ်းအနားကို (၉၊၁၀၊၂၀၁၆) နေ့ နံနက်(၁၀)နာရီအချိန်တွင် လွိုင်ကော်မြို့ ခရစ်တော်ဘုရင်ဘုရားကျောင်း(ဟောင်း)တွင် လွိုင်ကော်သာသနာမှ (The teacher and the friend) အဖွဲ့မှ ဦးဆောင်ကျင်းပပေးခဲ့ပါသည်။ အခမ်းအနားကို အဖွင့်ဆုတောင်းမေတ္တာဖြင့် စတင်ပြီးကျောင်းထိုင်ဘုန်းတော်ကြီးမှ ကျွန်ုပ်တို့ ငယ်စဉ်ဘဝမှစ၍ အတန်းပညာသင်ကြားပေးခဲ့ပြီး လိမ္မာရေးခြားရှိရန်နှင့် ဝိညာဉ်ရေးအသက် တာတွင်လည်း ရှင်သန်နိုင်ရန်လမ်းညွှန်ဆုံးမပဲ့ပြင်ခဲ့သော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များအားပြန် လည်ကျေးဇူးတုံ့ပြန်သောအားဖြင့် ဤကဲ့သို့ ကန်တော့ရခြင်းဖြစ်ကြောင်း ဧဝံဂေလိကျမ်းဖြစ် သော လုကား(၁၇း၁၁-၁၉)မှ ကျေးဇူးသိတတ်သောအနာကြီးရောဂါသည်တစ်ဦးအကြောင်းနှင့် စပ်လျဉ်း၍ သြဝါဒမြွက်ကြားပေးခဲ့ပါသည်။ ထို့နောက်သက်ပြည့်ဆရာ/မများအား လက်စုံမိုး ဦးသုံးကြိမ်ချကန်တော့ခြင်း၊ လက်ဆောင်ပေးခြင်း၊ "ဖွဲ့" စာဖတ်ဝိုင်းမှ ဆရာမ/မ များအားလက် ဆောင်ပေးခြင်းနှင့် လူငယ်များမှတေးသီချင်းများဖြင့် ဂါရဝပြုဖျော်ဖြေခြင်းတို့ကိုပြုလုပ်ခဲ့ပါသည်။ ထို့နောက်ဆရာ/မ များကိုယ်စား ဆရာမဒေါ်ဒေါ်ရသီနှင့်ဒေါ်ဖလောရင်းတို့မှ ကျောင်းသူ/သား များကိုအားပေးစကားနှင့်ဆုံးမပညာပေးစကားများကို ပြန်လည်ပြောကြားခဲ့ပါသည်။ ၎င်းအခမ်း အနားသို့ကန်တော့ခံဆရာ/မ များနှင့်အတူ ဘုန်းတော်ကြီး၊ သီလရှင်များ၊ ဆရာ/မ များ ဘာသာ တူများ၊ ကျောင်းသား/သူများ (၁၀၀)ကျော် ပါဝင်တက်ရောက်ခဲ့ပါသည်။ အခမ်းအနားအပြီးတွင် ကျောင်းထိုင်ဘုန်းတော်ကြီး၏ ကောင်းချီးမင်္ဂလာခံယူကာ အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။



# သမ္မာကျမ်းစာတနင်္ဂနွေပွဲတော်



စတုတ္ထအကြိမ်မြောက် သမ္မာကျမ်းစာတနင်္ဂနွေပွဲတော်ကို လွိုင်ကော်ဖုံ ဒေါဉခူတိုက်နယ်တွင်( ၁၆၊၁၀၊၂၀၁၆) နေ့က ပြုလုပ်ကျင်းပခဲ့ပါသည်။အခမ်းအနားကို နံနက် ၁၀း၀၀ နာရီတွင်လွိုင်ကော်ဖုံအတွင်းရှိသော တိုင်းရင်းသားများစုပေါင်း၍ ကျမ်းစာပလ္လင်တင်ခြင်းနှင့်စတင်ပါသည်။ ထို့နောက်သမ္မာကျမ်းစာကော်မရှင် တာဝန်ခံဘုန်းတော်ကြီး ဖာသာရ်မောရစ်မှ အဖွင့်သြဝါဒအမှာစကား ပြောကြားပေးခဲ့ပါသည်။ တာဝန်ခံဘုန်းတော်ကြီးမှ မသိသူကျော်သွား သိသူဖော်စားမည်ဖြစ်ကြောင်း သမ္မာကျမ်းစာ၏တန်ဖိုး၊ တန်ခိုးများကို မသိနားမလည် စိတ်မဝင်စားသောကြောင့် ဝိညာဉ်ရေးရာတွင် ပေါ့လျော့ပြီး ဘုရားသခင်နှင့် ဝေးနေကြောင်း သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာထောက်ရှုပြီးဆုတောင်းခြင်း၊ ဝေမျှခြင်း၊ ခွန်အားယူခြင်းဖြင့် ဘုရားသခင်နှင့်ပို၍ နီးစပ်လာမည်ဖြစ်ကြောင်း၊ သမ္မာကျမ်းစာ ဖတ်ရှုခြင်းဖြင့် ဘုရားသခင်သည်ကျွန်ုပ်တို့နှင့်အတူရှိနေ၊ စကားပြောနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သမ္မာကျမ်းစာ၏တန်ဖိုး၊ တန်ခိုးများကို မြည်းစမ်း၍ကြည့်စေလိုကြောင်း ဥပမာများနှင့်တကွမြွက်ကြားပေးခဲ့ပါသည်။ ထို့နောက်သမ္မာကျမ်းစာပြဇာတ်ပြိုင်ပွဲကို "လူကိုမှုားသော တံငါသည်"ခေါင်းစဉ်ဖြင့် သာသနာအသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ သမ္မာကျမ်းစာတော်မြတ်ဖြေဆို အောင်မြင်ပြီးသူများအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ခြင်း၊ ပြဇာတ်ပြိုင်ပွဲတွင်ဆုရရှိသော အဖွဲ့များအားဂုဏ်ပြုလက်ဆောင်များပေးခြင်း၊ ဒေါဉခူကျောင်းထိုင် ဘုန်းတော်ကြီးမှ သြဝါဒစကားများ ပြောကြားပေးခြင်း သမ္မာကျမ်းစာတာဝန်ခံ စစ္စတာရ်မြင့်မြင့်နိုင်မှ ဖြေဆိုပြီးသောသမ္မာကျမ်းစာများ၏အဖြေကို ပြန်လည်သုံးသပ်ပေးခြင်း၊ဖာသာရ်မောရစ်မှ ပြဇာတ်နှင့်ပါတ်သက်၍ ပြန်လည်သုံးသပ်ပေးခြင်း၊ စသည်တို့ပြုလုပ်ပေးပါသည်။ ၎င်းအခမ်းအနားသို့ လွိုင်ကော်ဖုံ၊ ဒီမောဆိုဖုံမှ သမ္မာကျမ်းစာ တမန်တော်လုပ်ငန်းအဖွဲ့ဝင်စုစုပေါင်း(၁၀၀) ကျော်ပါဝင်တက်ရောက်ကြောင်းသိရသည်။

# ရွာလုံးကျွတ်ဆေးကြောခြင်းမင်္ဂလာခံယူ

ကျိုင်းတုံကက်သလစ်သာသနာပိုင်၊ ပန်ဖျန်းရွာသည် ရှမ်းပြည်အရှေ့ပိုင်း၊ မိုင်းကာမြို့နယ်တွင် ပါဝင်၍ အိမ်ခြေ ၃၅အိမ်၊ လူဦးရေ ၁၇၅ ယောက်နှင့်ဖွဲ့စည်းထားသည့် လားဟူ တိုင်းရင်းရွာလေးဖြစ်ပါသည်။ ပန်ဖျန်းရွာကိုလွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်က သာသာရေးပေါင်းစုံ၏ကြိုးစားဆွဲဆောင်မှုကို ပြုလုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် ၂၀၀၈ ခုနှစ် ဇန်နဝါရီ (၁)ရက်နေ့တွင် ကျိုင်းတုံသာသနာပိုင် ဆရာတော်ပီတာလွီးစ်၊ မိုင်းပေါက်ကျောင်းထိုင်ဘုန်းတော်ကြီး Fr. စိုင်းရီနှင့်အတူ ရွာခံဓမ္မဆရာကျာခူ လက်ထက်တွင် " တိုဘို" ခေါ် ရှေးဟောင်းသာဘာကိုးကွယ်ခြင်းကို စွန့်ပြီး ကက်သလစ်ခရစ်ယာန်ဘာသာထဲသို့ကူးပြောင်းလာခဲ့ပါသည်။ ထို့နောက် (၉)နှစ်တိုင်ကြာအောင် ဘာသာရေးဆိုင်ရာနှင့် ဝိညာဉ်အသက်တာ အကြောင်းကို လေ့လာဆည်းပူးရင်း ဘုရားစကား သင်ကြားခြင်းလုပ်ခဲ့ပါသည်။

ယခုယုံကြည်ခြင်းအလင်းကျေးဇူးတော်သည် ၂၀၁၆ ခုနှစ် ၊ အောက်တိုဘာလ ၆ ရက်နေ့တွင် မိုင်းပေါက်ကျောင်းထိုင်ဘုန်းတော်ကြီး၊ လက်ထောက် Fr.လှအောင်နှင့် မိုင်းယန်း ကျောင်းထိုင် Fr.သောမတ်စ်အာဂျူတို့လက်တော်မှ သန့်ရှင်းသော ဆေးကြောခြင်းမင်္ဂလာကို ရွာလုံးကျွတ်ခံယူခဲ့ကြပါသည်။ ၎င်းဆေးကြောခြင်း မင်္ဂလာအခမ်းအနားကို ဘုန်းတော်ကြီး သုံးပါး၊ သီလရှင်တစ်ပါးနှင့် ဓမ္မဆရာ/ဆရာမ ငါးဦး ၊အခြားယုံကြည်သူသာဘာသာတူများ တက်ရောက်ဆုတောင်းခြင်း အားပေးခြင်းများပြုလုပ်ပေးခဲ့ကြပါသည်။ ရှိ့စ် SdP

# Joseph Education Institute ဂျိုးဇက်ပညာရေးကျောင်း

## စာပေးစာယူပညာရေးအစီအစဉ်သစ် ကြေညာခြင်း

ကျွန်တော်တို့ ဂျိုးဇက်ပညာရေးကျောင်းသည် ယခုလာမည့် ၂၀၁၇ ပညာသင်နှစ်တွင် အမှတ်စဉ် (၂) အဖြစ် " ဘာသာရေးဆိုင်ရာဒီပလိုမာ ဘွဲ့လက်မှတ် **Diploma in Religious Studies** " ချီးမြှင့်မည့်အဝေးသင်ပညာရေးအစီအစဉ်ကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါကြောင်း လူကြီးမင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။



* စာသင်ကြားမည့် နည်းစနစ် *

မိမိအိမ်၊ လုပ်ငန်းခွင်အတွင်း နေထိုင်လုပ်ကိုင်ရင်း ကျောင်းမှပေးပို့သော ပုံနှိပ်စာအုပ်များကိုဖတ်ပြီး ပေးပို့လာသောမေးခွန်းများကိုဖြေဆို၍ အဖြေလွှာကို JEI ကျောင်းသို့ ပြန်လည်ပေးပို့ရသော နည်းစနစ်ဖြစ်သည်။

**သင်တန်းသားလက်ခံမည့်နောက်ဆုံးရက်**

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး အပ်နှံကြပါရန်

**ချီးမြှင့်မည့်ဘွဲ့**

ဘာသာရေးဆိုင်ရာဒီပလိုမာဘွဲ့
**Diploma in Religious Studies**



**သင်တန်းကာလ (၁၀) လ**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့မှ ဒီဇင်ဘာ (၃၁) ရက်နေ့အထိ

**သင်တန်းကြေး**

ကျပ် တစ်သိန်း တိတိ (၁၀၀၀၀၀ိ/-)

**အနည်းဆုံးပညာအရည်အချင်း**

န၀မတန်းအောင်

* သင် ကြား ပို့ ချ ပေး မည့် ဘာ သာ ရပ် များ *

- အသင်းတော်သမိုင်း
- ရဟန်းမင်းကြီးစာချွန်တော်
- ကာနွန်ဥပဒေ
- မြတ်သောအယူဝါဒ
- သန့်ရှင်းသောဝိညာဉ်တော်ဘုရား

❉ လူမျိုးဘာသာမရွေး မည်သူမဆို တက်ရောက်နိုင်ပါသည်။

**Scholarship** ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ရှိပါသည်။

(ဘာသာရပ်များအားလုံးကို မြန်မာဘာသာဖြင့် သင်ကြားမည်။)

**ဆက်သွယ်ရန်လိပ်စာ**

- အခန်း (၇၀၅)၊ (၇) လွှာ၊ ကမ်းသာယာပလာဇာ (ကမ်းနားဈေးမှတ်တိုင်)၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၄၀၄၇၇၊ ၀၉ ၇၈၁၉၉၉၁၃၆၊ ၀၉ ၄၂၀၀၆၇၄၁၊ ၀၉ ၇၈၉၅၀၅၅၂၇

Email: djei6615@gmail.com, josephpakung@gmail.com

# သမ္မာကျမ်းစာပြိုင်ပွဲနှင့် သမ္မာကျမ်းစာကော်မရှင်၏(၁၀)နှစ်မြောက်အထိမ်းအမှတ် ပွဲတော်ညောင်လေးပင်တွင်ကျင်းပမည်

ဖေဖော်ဝါရီလ၊ ၂၀၁၇ခုနှစ် ညောင်လေးပင်မယ်တော်ပွဲတွင် ဒုတိယအကြိမ်မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာပြိုင်ပွဲနှင့် သမ္မာကျမ်းစာကော်မရှင်၏ (၁၀)နှစ်မြောက် အထိမ်းအမှတ်ပွဲတော်ကိုလည်းစည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်ရှိပါသည်။

ပြိုင်ပွဲဝင်ရန်အတွက် သာသနာတစ်ခုလျှင် (၁၀)ဦးပါဝင်ခွင့်ပြုမည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့်သာသနာအနေနှင့် ပြိုင်ပွဲဝင်(၁၀)ဦးနှင့် အုပ်ချုပ်သူ(၁)ဦး အမည်စာရင်းကို လှုံ့ဆော်ပြန်ကြားရေးတာဝန်ခံ ဖေဘီယံ-ဦးမြင့်မောင် အမှတ်၂၈၉/သိမ်ဖြူလမ်း၊ ဖုန်းနံပါတ်(၀၉-၄၃၀-၂၃၉၁၂) ထံ(၂၀၊၁၊၂၀၁၇)နေ့ မတိုင်မီအရောက်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ၂၀၁၇-ခုနှစ်၊ ဒုတိယအကြိမ်သမ္မာကျမ်းစာပြိုင်ပွဲအတွက် စည်းကမ်းချက်များ

### (က) ပြိုင်ပွဲအမျိုးအစား

၁။ ဘာသာတူများ၊ သမ္မာကျမ်းစာနှင့် အသင်းတော်ဆိုင်ရာ အချက်အလက်များအားစိတ်ဝင်စားလေ့လာကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

### (ခ) ပြိုင်ပွဲဝင်အရည်အချင်း ကန့်သတ်ချက်

၂။ သာသနာနယ်(၁၆)ခုအတွင်း နေထိုင်ကြသည့် အသက်(၁၄)နှစ်ပြည့်ပြီး ခရစ္စမားအားပေးခြင်းရပြီးသူတိုင်းပါဝင်နိုင်သည်။

၃။ ကိုရင်ဖြစ်နိုင်ရန် မိုင်းနားကျောင်းနေဖူးသူ၊ စစ္စတာရ်လောင်းသင်တန်းတက်ဖူးသူ၊ ဓမ္မဆရာ/ဆရာမ သင်တန်းတက်ဖူးသူများအား ပါဝင်ဖြေဆိုခွင့်မပြုပါ။

၄။ ယခင်နှစ်က ပထမရသူ ပုသိမ်သာသနာမှ J.M ဖရန်စီနား၊ မန္တလေးသာသနာမှ ဒုတိယဆုရသူ ဒေါ်ရိုစ့်မေရီ နှင့် တတိယဆုရသူ မြစ်ကြီးနားသာသနာမှ မောင်ဂျိုးဇက်ဘောစကိုရဲန္ဒဆွေ တို့အားပါဝင်ဖြေဆိုခွင့်မပြုပါ။

၅။ ပြိုင်ပွဲဝင်များသည် ပူးတွဲပါပုံစံကိုမိမိတို့ သာသနာအလိုက် မိတ္တူကူးပြီး အချက်လက်ပြည့်စုံစွာရေးဖြည့်၍ ကိုယ်တိုင်လက်မှတ်ရေးထိုးကာ တာဝန်ခံဘုန်းတော်ကြီး၏ ထောက်ခံချက် လက်မှတ်ရေးထိုးကာ တာဝန်ခံဘုန်းတော်ကြီး၏ ထောက်ခံချက်လက်မှတ်နှင့် တံဆိပ်တုံးရိုက်ပြီး စုပေါင်းပေးပို့ရမည်။

၆။ ပုံစံပေါ်တွင် ယခုနှစ်နိုဝင်ဘာလအတွက် ရိုက်ကူးထားသော ရောင်စုံပတ်စ်ပို့ဓါတ်ပုံကပ်လျက် အပို(၂)ပုံ ပူးတွဲပါရှိရမည်။

၇။ ပုံစံပေါ်တွင် သက်ဆိုင်ရာသာသနာ၏ရုံးတံဆိပ်ရိုက်နှိပ်ပြီး သာသနာမှ အသိအမှတ်ပြုကြောင်း ထင်ရှားစေရမည်။

၈။ ပြိုင်ပွဲဝင်ပုံစံကို အပြည့်အစုံစုစည်းပြီး သမ္မာကျမ်းစာတာဝန်ခံဘုန်းတော်ကြီးကဖြစ်စေ၊ စစ္စတာရ်ကဖြစ်စေ၊ ဖေဘီယံဦးမြင့်မောင်၊ အမှတ်(၂၈၉)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့သို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၂၀) ရက်မတိုင်မီ အရောက်ပေးပို့ကြရမည်။ ပေးပို့သည့်နေ့တွင် ဖုန်းနံပါတ် (၀၉-၄၃၀၂၃၉၁၂)သို့ ဆက်သွယ်သတင်းပို့စေလိုပါသည်။

၉။ ညောင်လေးပင်သို့ ထွက်ခွာလာလျှင် ရောက်ရှိမည့်ရက်နှင့် ရောက်ရှိမည့်အချိန်(ခန့်မှန်းချက်)ကို ဦးတင်မြင့်(ဖုန်း-၀၉၅၁၅၅၇၇၃) နှင့် ဦးလာဇရုး (ဖုန်း-၀၉၅၀၂၄၃၇)သို့အချိန်မှီဆက်သွယ်ကြစေလိုပါသည်။

### (ဂ)စခန်း၌ တည်းခိုရေးနှင့်စားသောက်ရေး

၁၀။ ပွဲတော်အလံတင်သည့်နေ့မှစ၍ ရောက်ရှိတည်းခို စားသောက်နိုင်ပါသည်။

၁၁။ ပွဲတော်အတွင်း သတ်မှတ်စည်းကမ်းဖြင့်သာ နေထိုင်ကြရမည်။ မူးယစ်သောက်စားခြင်း၊ လောင်းကစားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများအားခွင့်ပြုမည်မဟုတ်ပါ။

၁၂။ အုပ်ချုပ်သူသည် ဘာသာတူဖြစ်ပါက အသင်းနှင့်အတူ ကြီးကြပ်နေထိုင်ရပါမည်။ ကျင်းပရေး ကော်မတီရုံးအဖွဲ့၊ သုံးထပ်ဆောင်အောက်ထပ်သို့ ဆက်သွယ်သတင်းပို့ထားကြပါမည်။

၁၃။ အုပ်ချုပ်သူသည် ဘုန်းကြီး၊ သီလရှင်များဖြစ်ပါက နေရာစီစဉ်နိုင်ရန်အတွက် ကြိုတင်အကြောင်းကြားရမည်။

### (ဃ)ပြိုင်ပွဲခန်းသို့ဝင်ရောက်ခြင်း

၁၄။ ပြိုင်ပွဲအကြိုနေ့တွင် စည်းကမ်းများရှင်းလင်းခြင်း၊ မေးမြန်းခြင်းများပြုနိုင်ရန် ည(၇း၀၀)နာရီ၌ ဘုရားကျောင်းအတွင်းအားလုံးစုဝေးရောက်ရှိကြရပါမည်။

၁၅။ ထိုရှင်းလင်းပွဲတွင် ပြောပြထားသည့် စည်းကမ်းချက်များအတိုင်း အခန်းတွင်းသို့ ဝင်ရောက်ဖြေဆိုကြရမည်။

၁၆။ ဖြေဆိုနေစဉ် အချင်းချင်းတိုင်ပင်မေးမြန်းခြင်း လုံးဝမလုပ်ရပါ။ မရှင်း၍မေးလိုလျှင် မိမိနေရာတွင်မတ်တပ်ရပ်လိုက်ပါက တာဝန်ရှိသူများ ချက်ချင်းရောက်လာပြီး ကူညီပေးမည်ဖြစ်သည်။

၁၇။ စည်းကမ်းဖောက်ဖျက်၍ ထုတ်ပယ်ခံရပါက နောင်ကျင်းပမည့်ပြိုင်ပွဲများတွင် လုံးဝပါဝင်ဖြေဆိုခွင့်ရမည်မဟုတ်ပါ။

### (စ) ပြိုင်ပွဲဖြေဆိုခြင်း

၁၈။ ဖြေဆိုရန်ခွင့်ပြုချိန်(၂)နာရီဖြစ်ပြီး အနည်းဆုံး(၁)နာရီနှင့် မိနစ်(၃၀)နောက်ပိုင်းမှသာအခန်းတွင်းမှ ထွက်ခွာခွင့်ပြုမည်။

### (ဆ) အဆင့်သတ်မှတ်ခြင်း

၁၉။ ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၇) ရက်နံနက်(၀၉း၀၀) နာရီတွင် စတင်ဖြေဆိုရမည်။ ရေးဖြေအမှတ်ချင်းတူပါလျှင် (ပ-ဒု-တ)ဆု နေရာများဖြစ်ပါက နှုတ်ဖြေထပ်မံဖြေဆိုကြရမည်။

၂၀။ ဆုချီးမြှင့်မည့် အစီအစဉ်တွင် ဆုရသူများအသင့်လက်ခံရယူနိုင်ရန် မပျက်မကွက် ပွဲတော်အတွင်း ရှိနေကြရပါမည်။

၂၁။ ဆုရရှိကြောင်း ကြေငြာပြီးသော်လည်းတစ်ဦးဦးသည် သာသနာပုံရိပ်ထိခိုက်စေရန် ပြုမူကျူးလွန်ခဲ့ပါလျှင် ထိုသူအားပယ်ဖျက်ပြီး အောက်တစ်ဆင့် အနီးကပ်ဆုံးရှိသူအား အစားထိုးချီးမြှင့်မည်ဖြစ်သည်။

၂၂။ ပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီသည် စည်းကမ်းချက်များနှင့်ပတ်သက်၍ ပယ်ဖျက်ခြင်း၊ တိုးမြှင့်ခြင်း စသည်ဖြင့် အခြေအနေနှင့် အချိန်အခါကိုလိုက်၍ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

### (ဇ) နိဂုံး

၂၃။ ယခုနှစ်ပါဝင်ဖြေဆိုကြသည့် သာသနာအားလုံးနှင့် ဖြေဆိုသူတစ်ဦးစီအား ဤကော်မတီမှ များစွာဂုဏ်ပြုကြောင်း ဖော်ပြလိုပါသည်။

၂၄။ ပြိုင်ပွဲဝင်အသင်းများ၏ အသွားအပြန်စရိတ်များအား ဤကော်မတီမှကျခံပေးမည်မဟုတ်ပါ။ **(ပြိုင်ပွဲကျင်းပရေးကော်မတီ)**

---

## ပထမအကြိမ် သမ္မာကျမ်းစာနှင့် ကက်သလစ်အသင်းတော်ဆိုင်ရာဗဟုသုတ ပြိုင်ပွဲဝင်ပုံစံ

ဓါတ်ပုံ
ကပ်ရန်

၁။ မှတ်ပုံတင်ပါအမည်နှင့်နံပါတ် ..............................

၂။ ဆေးကြောခြင်းအမည် ..............................

၃။ ခရစ္စမားအားပေးခြင်းခံယူသည့် ..............................

နေရာနှင့်ပေးခဲ့သည့်ဆရာတော် ..............................

၄။ အဘအမည် ..............................

၅။ မွေးသက္ကရာဇ် ..............................

၆။ အလုပ်အကိုင် ..............................

၇။ သာသနာအတွင်းပါဝင်သော အဖွဲ့အစည်း ..............................

..............................

..............................

..............................

..............................

၈။ ပါဝင်ဖြေဆိုသော သာသနာအမည် ..............................

..............................

(ပြိုင်ပွဲဝင်သူ၏ရေးထိုးမြဲလက်မှတ်)

အထက်ပါအကြောင်းအရာများမှန်ကန်ကြောင်း တာဝန်ယူပါသည်။

သက်ဆိုင်ရာ
သာသနာ၏
ရုံးတံဆိပ်

တာဝန်ခံဘုန်းတော်ကြီး၏ ..............................

(ရေးထိုးမြဲလက်မှတ်)

(အမည် .............................. )





# သမ္မာကျမ်းစာပြိုင်ပွဲပါဝင်မည့် မေးခွန်းများနှင့်မေးခွန်းပုံစံများ

ယခုနှစ် ညောင်လေးပင်ပွဲတော်တွင်ပြုလုပ်မည့် သမ္မာကျမ်းစာပြိုင်ပွဲတွင် ပါဝင်မည့် မေးခွန်းများနှင့်မေးခွန်းပုံစံများမှာအောက်ပါအတိုင်းဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၁။မေးခွန်းပုံစံများမှာ (က)အမှားအမှန်ရွေးခြင်း၊ (ခ)အမှန်ဆုံးအားရွေးချယ်ခြင်း၊ (ဂ)ကွက်လပ်ဖြည့်ခြင်းများ။

၂။ မေးမြန်းမည့်သမ္မာကျမ်းစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (က) မိုးဇယ်၏ကျမ်း(၅)စောင်နှင့် ရာဇဝင်ကျမ်းများ (ခ) ပရောဖက်ကျမ်းများ (ဂ)တမန်တော်ဝတ္ထု ရှင်ပေါလုပေးစာနှင့် ဟေဗြဲဩဝါဒ (ဃ)ဧဝံဂေလိကျမ်းနှင့် ရှင်ယောဟန်ကျမ်းများ

**မှတ်ချက်။ ။တွဲဘက်ကျမ်း(၉)စောင်၊ ဆာလံကျမ်း၊ ပညာလိမ္မာကျမ်းနှင့် ဆော်လမွန်သီချင်းများပါဝင်မည်မဟုတ်ကြောင်း (ပြိုင်ပွဲကျင်းပရေးကော်မတီ)**



၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် ကက်သလစ်ဆရာတော်ကြီးများ၏ အထွေထွေညီလာခံအတွက်ဆောင်ပုဒ်မှာ"လူငယ်များ၏ယုံကြည်ခြင်းနှင့် စစ်မှန်သောခေါ်တော်မူခြင်းကိုစမ်းစစ်ခြင်း"ဟု ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်က ဆုံးဖြတ်ခဲ့သည်။

# ကက်သလစ်ဓမ္မတေးသီချင်းအခွေများ

နေ့စဉ်မစ္ဆားတရားပူဇော်ရာတွင် အသုံးပြုသီဆိုနေသော ဓမ္မသီချင်းများကို ခေတ်ပေါ် တူရိယာများအသုံးပြု၍ အသံစုံဖြင့်ညီညာစွာဖော်ကြူးထားသောဓမ္မသီချင်းအခွေကို ကာရာအိုကေဖြင့်သီဆိုနိုင်ရန် ဖန်တီးထားပါသည်။ ထိုသို့ဖန်တီးထားရခြင်းမှာမည့်သည့်ဝတ်ပြုခြင်း အခမ်းအနားများတွင်မဆို နိုးနိုးကြားကြားဖြင့် လွယ်ကူစွာအသုံးပြုနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဦးဆုံးဓမ္မတေးသီချင်းဆိုပြိုင်ပွဲမှ ဆန်ကာတင် လက်ရွေးစင်ကိုးဦးတို့၏ သီးချင်းအသစ်များ ကိုလည်း DVDတေးစီးရီးအဖြစ် ထုတ်လုပ်နေပါသည်။ ထို့အပြင် ခရစ္စမတ်တေးသီချင်းများကိုလည်း မြန်မာနိုင်ငံ ကက်သလစ်အနုပညာရှင်များအဖွဲ့အစည်း(CCAA)မှ တေးသံရှင်များ မှ သီဆိုပုံဖော်ကာထုတ်လုပ်မည် ဖြစ်ပါသည်။



ထိုခွေများကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်တွင် ဖွင့်လှစ်ထားသော "STUDIO TRINITA" တွင် အသံသွင်းနေပြီဖြစ်ရာ မကြာမှီအချိန်တွင် ၎င်းဓမ္မတေးသီချင်းခွေကို မြန်မာနိုင်ငံလုံးဆိုင်ရာ ပြန်ကြားရေးနှင့်လူထုဆက်သွယ်ရေးရုံး (CBCM-OSC) ရုံးမှဖြန့်ချီပေးမည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

## CBCM-Herald အလှူရှင်များ

| | | |
|---|---|---|
| ၁ | ဦးဩဂုတ်စတင်းမိသားစု (ရန်ကုန်) | ၅ ၀၀၀ |
| ၂ | ဦးဂျွန်မိသားစု (ပြင်ဦးလွင်) | ၁၀ ၀၀၀ |
| ၃ | ဒေါ်စန်းကြည်(လားရှိုး) | ၂ ၀၀၀ |
| ၄ | ဒေါ် မယော်နန် (လားရှိုး) | ၃ ၅၀၀ |
| ၅ | ကျောင်းဒကာ မာတီယာဦးမောင်ဖိုး နောင်ယား(ခ) လွိုင်ကော်မှ ဘုရားသခင်အားကျေးဇူးတင်ခြင်း အတွက် နိုဝင်ဘာလတစ်လစာ | ၃ ၀၀၀ |
| ၆ | ပါစကားမန်စွမ်းလျံ | ၅၀၀၀၀ |
| ၇ | အမည်မဖော်လိုသူ | ၂၅၀၀၀ |
| ၈ | ဒေါ်လှကြည် | ၁၀၀၀၀ |

# Basic Financial Management Course(mango)



ဤသင်တန်းကို KMSS @ Caritas (Myanmar) Finance director ဆရာမ တင်မိုးအေးမှ ဘဏ္ဍာရေး၊ ငွေကြေးစီမံခန့်ခွဲမှုအခြေအနေ ဗဟုသုဆိုင်ရာများကို အောက်တိုဘာလ ၁၉-၂၁ ထိ CBCM, St.Vincent သင်တန်းခန်းမဆောင်တွင် ပို့ချပေးခဲ့သည်။ သင်တန်းပေးရခြင်း၏ ရည်ရွယ်ချက်များမှာ Finance Management Training သင်ကြားပေခြင်းဖြင့် အဖွဲ့အစည်းအသီးသီးတွင် ငွေစာရင်းတွင်လုပ်ကိုင် ဆောင်ရွက်နေကြသော တာဝန်ရှိသူများ ဘဏ္ဍာရေး၊ ငွေကြေးစီမံခန့်ခွဲမှု အခြေခံသဘောတရားကိုသိရှိပြီး လုပ်ငန်းခွင်၌ထိရောက်စွာ အသုံးပြုနိုင်စေရန် ဖြစ်သည်။ ပို့ချသောနည်းများသည် သင်တန်းသားများအားလုံးပါဝင်ဆွေးနွေးရသော Presentaion Approach ကို အခြေခံသော Mango Guide ဖြင့် သင်ကြားမှုကို ငြီးငွေ့မှုမဖြစ်ပဲ အသက်အရွယ်အလုပ်တာဝန်ကွာခြားသည့်တိုင် တစ်ဦးနှင့်တစ်ဦးရင်းနှီးမှုဖြင့် သာသနာ့အမှုတော်၌ အတူလက်တွဲလုပ်ကိုင်နိုင်ရန်လည်းဖြစ်သည်။ သင်တန်း၏အစီအစဉ်များကို ရည်ရွယ်ထားသော အချိန်ဇယားအတိုင်း ပြီးမြောက်အောင် သင်ကြားပို့ချနိုင်သည်။ သင်တန်းသားစုစုပေါင်း (၂၂)ဦးတက်ရောက်ခဲ့ပြီး KMSS National ရုံးမှ ငွေစာရင်းဝန်ထမ်းများ၊ CBCMအတွင်းရှိ သက်ဆိုင်ရာကော်မရှင်များရှိ ငွေစာရင်းဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ သင်တန်းသုံးစာအုပ်၊ စာရွက်၊ စာတမ်းများကို KMSS မှစီစဉ်ပေးဝေသည့် အပြင်နေ့လည်စာများပါစီစဉ်ပေးခဲ့သည်။ သင်တန်းတစ်လျှောက်လုံး စာတွေ့အဓိက မဟုတ်ပဲ Group Workဖြင့် သင်ခန်းစာများပြင်ဆင်ပေးသည့်အတွက် လုပ်ငန်းခွင်မှာသာမက လူအများရှေ့၌ ကြောက်ရွံ့မှုမရှိအောင် သင်ကြားပေးသဖြင့် သင်တန်းသားများသည် Presentaion Skill ထုတ်ပြရန် အခွင့်ရရှိခဲ့သည်။ သင်တန်းတက်ဖူးသော အတွေ့အကြုံများအရ ဤသင်တန်းသည် သီအိုရီသီးသန့်မဟုတ်ပဲ လက်တွေ့များပါထည့်သွင်း သင်ကြားပေးသဖြင့် စိတ်ကျေနပ်မှုရှိကြောင်းနှင့် လက်တွေ့လုပ်ငန်းခွင်တွင်ပြန်လည်အသုံးပြုမည်ဟု သင်တန်းသားများထံမှကြားသိရပါသည်။ **(CBCM OSC)**



# ရှာလုံးကျွတ်ဆေးကြောခြင်း...စာ(၁၆)




## ထွက်လာမည့် DVDများ




Christmas သီချင်းအသစ်များကို ကက်သလစ်အနုပညာရှင် အယောက် ၃၀ ကျော်(CCAA)ပါဝင် တီးခတ် သီဆိုအားဖြည့်ထားသည့် DVD ကို နိုဝင်ဘာလ ပထမအပတ်မှာ တစ်ပြိုင်တည်းဖြန့်ချီပါမယ်။ ဒုတိယဓမ္မတေးဖြစ်တဲ့ Trinita Star (မြန်မာနိုင်ငံတွင်ပထမဆုံးပြုလုပ်ကျင်းပခဲ့တဲ့ ဓမ္မတေးသီချင်းဆိုပြိုင်ပွဲ) ရဲ့သီချင်းများကို ၂၀၁၇ နှစ်သစ်ကူးမှာ ဖြန့်ချီပါမယ်။ တတိယ ဓမ္မသီချင်း(ဝတ်ပြုကိုးကွယ်ခြင်းမှာ အသုံးပြုနေတဲ့ဓမ္မသီချင်း)များကို ညောင်လေးပင်မယ်တော်ပွဲတော်မှာ ဖြန့်ချီပါမယ်။ DVDအခွေများကို မိမိတို့နှင့် အနီးစပ်ဆုံးဆရာတော်ကျောင်းများနှင့် လူထုဆက်သွယ်ရေးရုံးများမှာ ပို့ပေးထားပါမယ်။ ကိုယ်စားလှယ်ဖြန့်ပေးချင်တဲ့သူများရှိရင်လည်းအကြောင်းကြားပေးပါ။

**မေတ္တာရပ်ခံခြင်း။** မူရင်းအခွေများကိုသာအားပေးကြပါ။ Copy လုပ်တယ်ဆိုတာ မူပိုင်ခွင့်ပြုချက်လိုအပ်ပါတယ်။ မူပိုင်ခွင့်ပြုချက်မရပဲ copy မပြုလုပ်ခြင်းဖြင့် အချင်းချင်း ကူညီရင်းပံ့ပိုးအားပေးကြပါစို့။ ကျေးဇူးတင်လျှက်...Fr.Leo Mang SDB - CBCM-OSC Director)

## RVA မြန်မာဘာသာအစီအစဉ်

သောတရှင်ဓမ္မမိတ်ဆွေများရှင်Radio Veritas Asia အာရှသမ္မတရားမြန်မာဘာသာ အစီအစဉ်သည် အာရှဆရာတော်ကြီးများအဖွဲ့ချုပ်လူထုဆက်သွယ်ရေးရုံး၏ ညွှန်ကြားချက်နှင့် မြန်မာနိုင်ငံမှသက်ဆိုင်ရာ တာဝန်ခံဆရာတော်ကြီးများ၏ သဘောတူညီမှုများအတိုင်း ထုတ်လွှင့်မှုအစီအစဉ်များကို တိုးတက်ပြောင်းလဲလာသော ခေတ်၏တောင်းဆိုမှုနှင့်အညီ ပြင်ဆင်ထုတ်လွှင့်လျှက်ရှိပါသည်။ ရာနှုန်းပြည့် Online Radio ထုတ်လွှင့်မှုအတွက်လိုအပ်သော အသေးစိတ်ပြင်ဆင်မှုများကို အားတက်သရော ပြင်ဆင်ဆောင်ရွက်နိုင်ရန် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ (၇)ရက် တနင်္လာနေ့မှစတင်ကာ နံနက်ပိုင်းလှိုင်းတို ရေဒီယို အစီအစဉ်ထုတ်လွှင့်မှုများကို ရပ်ဆိုင်းသွားမှာဖြစ်ပါကြောင်း သို့သော် ညနေပိုင်းအစီအစဉ်ကိုမူ ရေဒီယိုမှ ဆက်လက်ထုတ်လွှင့် ပေးသွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။ ဒါ့ကြောင့်အာဗွီအေကိုချစ်သော သောတရှင်များအနေနဲ့ နံနက်ပိုင်းရေဒီယို အစီအစဉ်အစား အာဗွီအေ အင်တာနက် ဝက်ဘ်ဆိုဒ်မှသော်လည်းကောင်း၊ RVA Myanmar Facebook စာမျက်နှာမှသော်လည်းကောင်း၊ RVA mobile App နှင့် RVA Myanmar Application တို့မှ ဆက်လက်အားပေးကာ နားဆင်ပေးကြပါလို့ လေးစားချစ်ခင်စွာဖြင့်အသိပေး ကြေငြာအပ်ပါတယ်။ (CBCM-osc)



